(ဇ) COVID -19 ကာလအတွင်း ဝန်ထမ်းများအား အသွားအလာကန့်သတ်ထားကြောင်း နှင့် ကျန်းမာရေး စစ်ဆေးမှုများဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။

(ဈ) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ပြီးဝန်ထမ်းများထိခိုက်မှုရရှိပါက ဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးမည် ဖြစ်ကြောင်း သိရှိရပါသည်။

(ည)မီးဘေးကာကွယ်ရေးအတွက် မီးဘေးစီမံချက်ရေးဆွဲထားရှိပြီး မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ မီးသတ်ဆေးဗူးနှင့် မီးသတ်ပိုက်များ တပ်ဆင်ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။ မီးဘေး ကာကွယ်ရန်နှင့် လုပ်ငန်းသုံးရန်အတွက် အဝီစိရေတွင်း (၄) တွင်း တူးဖော် ဆောင် ရွက်နေကြောင်း တွေ့ရှိရပါသည်။

(ဋ) သုံးလပတ်အစီရင်ခံစာ ပုံမှန်တင်ပြလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ဌ) တစ်ရက်ထုတ်လုပ်မှုပမာဏမှာ တန် (၂၀) ခန့်ဖြစ်ပြီး ရာဘာသစ်ကုန်ကြမ်းတစ်နေ့ တန် (၆၀) မှ (၈၀) ခန့်လိုအပ်ကြောင်း သိရှိရပါသည်။

(န) လုပ်ငန်းအတွက်လိုအပ်သော လျှပ်စစ်ဓါတ်အားအတွက် နိုင်ငံတော်ဓါတ်အားလိုင်းမှ ရရှိပြီး လျှပ်စစ်မီးပြတ်တောက်လျှင် အသုံးပြုရန် 645 KVA generator (၂) လုံး အား အရံမီးစက်အဖြစ် တပ်ဆင်အသုံးပြုနေကြောင်း သိရှိရပါသည်။

(ပ) လုပ်ငန်းသည် အမြတ်ငွေမရရှိသေးသည့်အတွက် CSR လုပ်ငန်းဆောင်ရွက်မှုမရှိသေးကြောင်းသိရှိရပြီး စက်ရုံအနီးဘုန်းကြီးကျောင်းများသို့ အလှူငွေများလှူဒါန်းခဲ့ကြောင်း နှင့် COVID-19 အတွက်အလှူငွေများအား အစိုးရဌာနအဖွဲ့အစည်းများသို့ လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

(ဖ) ကုမ္ပဏီ၏လက်ရှိဆောင်ရွက်နေသော လုပ်ငန်းအမျိုးအစားသည် **"ရာဘာသစ်ခွဲသား ထုတ်လုပ်ခြင်းလုပ်ငန်း"** ဖြစ်ပြီး အတည်ပြုမိန့်ကတ်ပြားရှိ လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် **"ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း"** ဟူ၍ ဖော်ပြထားသည့်အတွက် ကုမ္ပဏီက မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ လုပ်ငန်းအမျိုးအစားပြင်ဆင်ခွင့်ပြုပါရန် တင်ပြခဲ့ပြီး (၅-၈-၂၀၂၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၃/၂၀၂၀) ကြိမ်မြောက်အစည်းအဝေးတွင် လုပ်ငန်းအမျိုးအစားအား ပြင်ဆင်ခွင့်ပြုခဲ့ကြောင်းနှင့် ၁၂-၈-၂၀၂၀ ရက်စွဲဖြင့် အတည်ပြုမိန့်ပြင်ဆင်ချက် ကတ်ပြားထုတ်ပေးထားကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ရာ ကွင်းဆင်းတွေ့ရှိချက်များအရ ဖော်ပြပါလုပ်ငန်းသည် ၁၀၀% တည်ဆောက်တပ်ဆင်ထားပြီး လိုအပ်သောလုပ်ငန်းလိုင်စင်များ ပြည့်စုံခြင်း၊ လုပ်ငန်းလည်ပတ်ဝင်ငွေရရှိနေပြီဖြစ်ခြင်းများကြောင့် **Myanmar Hua Qiang Wood Indusrial Co.,Ltd.** ၏ စီးပွားဖြစ်စတင်မည့်နေ့ရက်သတ်မှတ်ပေးပါရန် တင်ပြလာမှုအားကန့်ကွက်ရန် မရှိပါကြောင်း ကွင်းဆင်းအစီရင်ခံစာ ပူးတွဲတင်ပြအပ်ပါသည်။

ပူးတွဲ- (၄၄) ရွက်

ဦးကျော်မွှေ (ကိုယ်စား)
(လှဝင်းတင်၊ ခေတ္တအတွင်းရေးမှူး)

မိတ္တူကို

မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ မွန်ပြည်နယ်အစိုးရအဖွဲ့
ဒုတိယညွှန်ကြားရေးမှူးချုပ်(၁)၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊
ရန်ကုန်မြို့
ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုကြီးကြပ်ရေးဌာနခွဲ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ
ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်မြို့
မျှောစာတွဲ
ရုံးလက်ခံ

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့၏
ကွင်းဆင်းဆောင်ရွက်မှုအစီရင်ခံစာ

အခွင့်အာဏာ

၁။ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် (၈၃၈)၊ ကွင်းအမှတ်(O.S.S-9)၊ ကြေးတိုင်ပြင်ကွင်း ရှိမြေ(၁၀.၀၈)ဧကတွင် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂၅-၉-၂၀၁၈) ရက်စွဲပါ အတည်ပြုမိန့်အမှတ်၊ မပန-၀၀၅/၂၀၁၈ အရ ရာနှုန်းပြည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်ခွဲသားထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေသော Myanmar Hua Qiang Wood Industrial Co.,Ltd. မှ စီးပွားဖြစ်စတင်သည့်နေ့ရက် သတ်မှတ်ပေးပါရန် တင်ပြလျှောက်ထားလာခြင်း နှင့်ပတ်သက်ပြီး ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေအား ကွင်းဆင်းစစ်ဆေး၍ပြန်လည်စိစစ်တင်ပြရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က (၃၀-၄-၂၀၂၀) ရက်စွဲပါစာအမှတ်၊ မရက-၉/ မ-ထွေ/ ၂၀၂၀ (၂၇၁၄) ဖြင့် အကြောင်းကြားလာ ပါသည်။

ဆောင်ရွက်ချက်

၂။ ယင်းကိစ္စနှင့်ပတ်သက်ပြီး မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝဏ္ဏကျော်ဦးဆောင်သော မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့က သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စုရှိ Myanmar Hua Qiang Wood Industrial Co.,Ltd. ၏ ရာဘာသစ်ခွဲသားထုတ်လုပ်ခြင်းလုပ်ငန်းသို့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့၊ နံနက် ၁၀:၀၀ နာရီ အချိန်တွင် ကွင်းဆင်းသွားရောက် ခဲ့ပါသည်။

ကွင်းဆင်းသူများ

၃။ အောက်ပါ ပုဂ္ဂိုလ်များ ကွင်းဆင်းဆောင်ရွက်ခဲ့ပါသည်-

(က)	ဦးဝဏ္ဏကျော်	ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ မွန်ပြည်နယ်အစိုးရအဖွဲ့
(ခ)	ဒေါ်မြတ်သာထွေး	ညွှန်ကြားရေးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
(ဂ)	ဦးစောလင်းအောင်	ဒုတိယညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး

(ဃ)	ဦးမင်းသိန်းဦး	လ/ထညွှန်ကြားရေးမှူး၊ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊မွန်ပြည်နယ်ဦးစီးမှူးရုံး
(င)	ဒေါ်ဝင်းဝင်းမော်	ဦးစီးအရာရှိ၊ မွန်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန
(စ)	ဒေါ်သိမ့်မွန်မွန်ဆွေ	ဦးစီးအရာရှိ၊ မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
(ဆ)	ဒေါ်ဝင်းစုစံ	ဦးစီးအရာရှိ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
(ဇ)	ဒေါ်မိဇာနည်ဝင်း	ဒုတိယဦးစီးမှူး၊ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံး

ရှင်လင်းတင်ပြသူများ

၄။ Myanmar Hua Qiang Wood Industrial Co.,Ltd. မှ ဒါရိုက်တာ ဦးမြင့်အေးနှင့် စက်ရုံတာဝန်ခံ ဦးစောဦးနှင့် ဒေါ်အိကြာဖြူတို့က ရာဘာသစ်ခွဲသားထုတ်လုပ်ခြင်းလုပ်ငန်း နှင့် ပတ်သက်ပြီး ဆောင်ရွက်ထားမှုများအား ဖြေကြားရှင်းလင်းတင်ပြပါသည်။

တွေ့ရှိချက်

၅။ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်ပြီး အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) **Myanmar Hua Qiang Wood Indusrial Co.,Ltd.** သည် ကုမ္ပဏီမှတ်ပုံတင်အမှတ်- 103769892 ဖြင့် ၁၁-၇-၂၀၁၇ ရက်နေ့တွင်မှတ်ပုံတင်ထားပြီး ဒေါ်ဖြူဖြူဝင်း အစုရှယ်ယာ (၉၅%) နှင့် ဦးမြင့်အေး အစုရှယ်ယာ (၅%) ဖြင့် အစုရှင်ဒါရိုက်တာ (၂)ဦးဖြင့် ဖွဲ့စည်းထားပါသည်။

(ခ) မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏မူလအတည်ပြုမိန့်ပါရင်းနှီးမြှုပ်နှံမှုပမာဏ မြန်မာငွေကျပ် ၁၂၄၁.၂၄၄ သန်း (US$ ၈၇၇၃၆၆ အပါအဝင်)အနက် ၈၇၃.၅၃၀ ကျပ်သန်း ထည့်ဝင်ထားပြီးဖြစ်ကြောင်းတွေ့ရှိရပါသည်။ ပြည်ပမှတင်သွင်းရမည့် စက်ပစ္စည်း တန်ဘိုး မြန်မာငွေကျပ်သန်း ၁၁၈၄.၄၄၄ (USD 0.88 million) အနက် USD 0.58 million (မြန်မာငွေကျပ်သန်း ၈၁၆.၇၃၀) တန်ဘိုးရှိ စက်ပစ္စည်းများအား Good Brother Co.,Ltd မှတဆင့် ၁-၃-၂၀၁၈ ရက်နေ့တွင် အခွန်ပေးဆောင်တင်သွင်းခဲ့ပြီး ပြည်ပမှ တင်သွင်းရန်ကျန်သည့် USD 2 သိန်းကျော် (မြန်မာငွေ ၃၆၇.၇၈၄ ကျပ်သန်း)ရှိ စက်ပစ္စည်းများအား ၂၀၂၀ နှစ်ကုန်တွင် ပြည်တွင်းမှသာဝယ်ယူမည်ဖြစ်ကြောင်း သိရှိရပါသည်။

(ဂ) လုပ်ငန်းသုံးစက်ပစ္စည်းများ တပ်ဆင်ထားပြီးဖြစ်ကြောင်းတွေ့ရှိရပါသည်။

(ဃ) တည်ဆောက်ရေးကာလမှာအတည်ပြုမိန့်အရ (၂)နှစ် ဖြစ်၍ ၁၀၀ % တည်ဆောက်ပြီးစီးပြီးဖြစ်ကာ လုပ်ငန်းစတင်လည်ပတ်ဝင်ငွေရရှိနေပြီဖြစ်ကြောင်း တွေ့ရှိရပါ သည်။

(င) ၄-၁၀-၂၀၁၉ ရက်နေ့အား စီးပွားဖြစ်စတင်သည့်နေ့ရက်အဖြစ် သတ်မှတ်ပေးရန် MIC သို့ တင်ပြထားကြောင်း သိရှိရပါသည်။

(စ) စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ထုတ်ပေးသော ပုဂ္ဂလိကစက်မှု လုပ်ငန်းမှတ်ပုံတင်လက်မှတ်၊ ဘွိုင်လာအသုံးပြုခွင့်လက်မှတ်နှင့် လျှပ်စစ်ဓါတ်အား အသုံးပြုခြင်းဆိုင်ရာအန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်များ ရရှိထားကြောင်း တွေ့ရှိရပါသည်။

(ဆ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန မှထုတ်ပေးသော သစ်စက်(Saw Mill) လိုင်စင်ရရှိထားကြောင်း တွေ့ရှိရပါသည်။

(ဇ) လုပ်ငန်းလုပ်ကိုင်နေသောမြေသည် လယ်ယာမြေအခြားနည်းအသုံးပြုခွင့်ရရှိထား ကြောင်း တွေ့ရှိရပါသည်။

(ဈ) ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အား Myanwei Consulting Co.,Ltd. ဖြင့် ရေးဆွဲဆောင်ရွက်လျက် ရှိကြောင်း တွေ့ရှိရပါသည်။

(ည) (၁၅-၁၂-၂၀၁၉) ရက်နေ့တွင် ရာဘာသစ်ခွဲသား 178.4717 CBM အား FOSHAN LINK WIN SUPPLY CHAINS MANAGEMENT COMPANY LIMITED သို့ ရောင်းချခဲ့ ကြောင်း နှင့် USD 42514.92 ရရှိကြောင်း Invoice နှင့် Sale Contract တင်ပြ ထား ပါသည်။

(ဋ) အလုပ်သမားခန့်ထားမှုနှင့် ပတ်သက်ပြီး မူလလျှောက်ထားလွှာပါတင်ပြချက်အရ ပြည်တွင်းဝန်ထမ်းအင်အားမှာ (၁၁၀) ဦးနှင့် ပြည်ပဝန်ထမ်း (၉) ဦး ဖြစ်သော်လည်း COVID-19ရောဂါဖြစ်ပွားခြင်းကြောင့် လက်ရှိပြည်တွင်းဝန်ထမ်း (၄၀) ဦးနှင့် ပြည်ပ ဝန်ထမ်း (၂) ဦးသာရှိကြောင်းနှင့် ပြည်တွင်းဝန်ထမ်းအများစုမှာ ဒေသခံလူငယ်များ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ဌ) ပြည်ပဝန်ထမ်း၏ အမြင့်ဆုံးလစာမှာ USD (500) ဖြစ်ပြီး အနိမ့်ဆုံးလစာ မှာ USD (400) နှင့် ပြည်တွင်းဝန်ထမ်းအတွက်အမြင့်ဆုံးလစာမှာ ကျပ် ဖသိန်း ၅ သောင်း ဖြစ်ပြီး အနိမ့်ဆုံးလစာမှာ ၁သိန်း၅သောင်း ဖြစ်ကြောင်းသိရှိရပါသည်။ ဝင်ငွေခွန် ဥပဒေအရ ထမ်းဆောင်ရမည့်ဝန်ထမ်းများ ဝင်ငွေခွန်ပေးဆောင်ထားကြောင်း သိရှိရ ပါသည်။

(ဍ) အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အလုပ်ရှင်အလုပ်သမားစာချုပ် (EC စာချုပ်) ချုပ်ဆိုထားကြောင်း သိရှိရပါသည်။

(ဃ) ဝန်ထမ်းများအတွက် (၁၂)ခန်းတွဲ အပျို/လူပျို အဆောင် ဝန်ထမ်းအိမ်ရာ အဆောက်အဦ (၁)လုံး နှင့် (၁၂) ခန်းတွဲအိမ်ထောင်သည်အဆောင် အဆောက်အဦ (၁) လုံး၊ စုစုပေါင်းအဆောက်အဦ (၂) လုံး ဆောက်လုပ်ပေးထားကြောင်း တွေ့ရှိရပါ သည်။

(ဏ) COVID –19 ကာလအတွင်း ဝန်ထမ်းများအား အသွားအလာကန့်သတ်ထားကြောင်း နှင့် ကျန်းမာရေး စစ်ဆေးမှုများဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။

(တ) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ပြီးဝန်ထမ်းများထိခိုက်မှုရရှိပါက ဆေးရုံသို့ ပို့ဆောင်ဆေးကုသပေးမည် ဖြစ်ကြောင်း သိရှိရပါသည်။

(ထ) မီးဘေးကာကွယ်ရေးအတွက် မီးဘေးစီမံချက်ရေးဆွဲထားရှိပြီး မီးသတ်ဦးစီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်နေကြောင်း သိရှိရပါသည်။ မီးသတ်ဆေးဗူးနှင့် မီးသတ်ပိုက်များ တပ်ဆင်ဆောင်ရွက်ထားကြောင်း တွေ့ရှိရပါသည်။ မီးဘေး ကာကွယ်ရန်နှင့် လုပ်ငန်းသုံးရန်အတွက် အဝီစိရေတွင်း (၄) တွင်း တူးဖော် ဆောင်ရွက်နေကြောင်း တွေ့ရှိရပါသည်။

(ဒ) သုံးလပတ်အစီရင်ခံစာ ပုံမှန်တင်ပြလျက်ရှိကြောင်း တွေ့ရှိရပါသည်။

(ဓ) တစ်ရက်ထုတ်လုပ်မှုပမာဏမှာ တန် (၂၀) ခန့်ဖြစ်ပြီး ရာဘာသစ်ကုန်ကြမ်းတစ်နေ့ တန် (၆၀) မှ (၈၀) ခန့်လိုအပ်ကြောင်း သိရှိရပါသည်။

(န) လုပ်ငန်းအတွက်လိုအပ်သော လျှပ်စစ်ဓါတ်အားအတွက် နိုင်ငံတော်ဓါတ်အားလိုင်းမှ ရရှိပြီး လျှပ်စစ်မီးပြတ်တောက်လျှင် အသုံးပြုရန် 645 KVA generator (၂) လုံး အား အရံမီးစက်အဖြစ် တပ်ဆင်အသုံးပြုနေကြောင်း သိရှိရပါသည်။

(ပ) လုပ်ငန်းသည် အမြတ်ငွေမရရှိသေးသည့်အတွက် CSR လုပ်ငန်းဆောင်ရွက်မှုမရှိ သေးကြောင်းသိရှိရပြီး စက်ရုံအနီးဘုန်းကြီးကျောင်းများသို့ အလှူငွေများလှူဒါန်းခဲ့ ကြောင်း နှင့် COVID–19 အတွက်အလှူငွေများအား အစိုးရဌာနအဖွဲ့အစည်းများသို့ လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

(ဖ) ကုမ္ပဏီ၏လက်ရှိဆောင်ရွက်နေသော လုပ်ငန်းအမျိုးအစားသည် **"ရာဘာသစ်ခွဲသား ထုတ်လုပ်ခြင်းလုပ်ငန်း"** ဖြစ်ပြီး အတည်ပြုမိန့်ကတ်ပြားရှိ လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် **"ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း"** ဟူ၍ ဖော်ပြထားသည့်အတွက် ကုမ္ပဏီက မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီသို့ လုပ်ငန်းအမျိုးအစားပြင်ဆင်ခွင့်ပြုပါရန် တင်ပြခဲ့ပြီး (၅-၈-၂၀၂၀) ရက်နေ့တွင် ကျင်းပပြုလုပ်သော မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏

(၃/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးတွင် လုပ်ငန်းအမျိုးအစားအား ပြင်ဆင်ခွင့်ပြုခဲ့ကြောင်းနှင့် ၁၂-၈-၂၀၂၀ ရက်စွဲဖြင့် အတည်ပြုမိန့်ပြင်ဆင်ချက် ကတ်ပြားထုတ်ပေးထား ကြောင်း တွေ့ရှိရပါသည်။

လမ်းညွှန်မှာကြားချက်

၆။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မွန်ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဦးဝဏ္ဏကျော်က ရာဘာသစ်ခွဲသားထုတ်လုပ်ခြင်းလုပ်ငန်း နှင့်ပတ်သက် ပြီးအလုပ်ခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရန်၊ မီးဘေးလုံခြုံရေး အထူးဂရုပြုဆောင်ရွက် ရန်နှင့် CSRများဆောင်ရွက်မည်ဆိုပါက ပြည်နယ်အစိုးရအဖွဲ့သို့ ဆောင်ရွက်မည့်လုပ်ငန်းအား ကြိုတင်တင်ပြရန် မှာကြားခဲ့ပါသည်။

သုံးသပ်ချက်

၇။ ကွင်းဆင်းတွေ့ရှိချက်များအရ ဖော်ပြပါလုပ်ငန်းသည် ၁၀၀% တည်ဆောက်တပ်ဆင်ထားပြီးလိုအပ်သောလုပ်ငန်းလိုင်စင်များ ပြည့်စုံခြင်း၊ လုပ်ငန်းလည်ပတ်ဝင်ငွေရရှိနေပြီ ဖြစ်ခြင်းများကြောင့် Myanmar Hua Qiang Wood Industrial Co.,Ltd. ၏ စီးပွားဖြစ်စတင်မည့်နေ့ရက် သတ်မှတ်ပေးပါရန် တင်ပြလာမှုအားကန့်ကွက်ရန် မရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါ သည်။

(ဝဏ္ဏကျော်)
ဥက္ကဋ္ဌ
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့
(မွန်ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး)

စာအမှတ်၊မရက/၇/စစ်ဆေးရေး/၂၀၂၀(   )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် လ ၁၄ ရက်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ

Ground field inspection


Myanmar Hua Qiang Wood Industrial Co.,Ltd.
သို့ ကွင်းဆင်း မှတ်တမ်းဓါတ်ပုံများ





Myanmar Hua Qiang Wood Industrial Co., Ltd.

Oo Paing No. (838), Kwin No. o.s.s (9), Kyae Taing Pyin Kwin, Sakhanngyi Village Group,
Thanphyuzayat Township, Mon State.



မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
မော်လမြိုင်မြို့။

ရက်စွဲ ။ ၂၀၂၀-ပြည့်နှစ် ၊ ဩဂုတ်လ ၂ ရက်။

အကြောင်းအရာ ။ ။ Myanmar Hua Qiang Wood Industrial Company Limited မှ ဆောင်ရွက်နေသော ရာဘာသစ်ခွဲသားလုပ်ငန်း၏ ရင်းနှီး မြှုပ်နှံမှု ပမာဏထည့်ဝင်ထားပြီးမှု တင်ပြခြင်း။

၁။ Myanmar Hua Qiang Wood Industrial Company Limited သည် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ စခန်းကြီးကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် (၈၃၈) ၊ ကွင်းအမှတ် (O.S.S.9) ကြေးတိုင်ပြင် ကွင်းရှိ မြေ (၁၀.၈) ဧကတွင် မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၂၅-၉-၂၀၁၈ ရက်စွဲပါ အတည်ပြုမိန့်အမှတ် - မပန-၀၀၅/၂၀၁၈ ဖြင့် ရာဘာသစ်ခွဲသားထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက် လျက်ရှိပါသည်။

၂။ ဖော်ပြပါလုပ်ငန်းတွင် အတည်ပြုလျှောက်ကြားလွှာပါ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ် (၁၂၄၁.၂၄၄) သန်း (US$ ၈၇၇၃၆၆) အပါအဝင်ဖြစ်ပြီး ယင်းအနက် ၂၀၂၀-ပြည့်နှစ် ဇူလိုင်လကုန်အထိ အောက်ပါအတိုင်းထည့်ဝင်ပြီး ဖြစ်ပါသည်။

	အတည်ပြုလွှာပါထည့်ဝင်ရမည့်ငွေ		ထည့်ဝင်ပြီးမှု
(က)	ငွေသား	(၅၀) ကျပ်သန်း	(၅၀) ကျပ်သန်း
(ခ)	စက်ပစ္စည်း(ပြည်ပ)	၁၁၈၄.၄၄၄ ကျပ်သန်း (USD 0.88 million)	(၈၁၆.၇၃၀) ကျပ်သန်း (USD 0.88 million)
(ဂ)	ရုံးသုံး(ပြည်တွင်း)	(၆.၈) ကျပ်သန်း	(၆.၈) ကျပ်သန်း
	စုစုပေါင်း	၁၂၄၁.၂၄၄	(၈၇၃.၅၃၀) ကျပ်သန်း

၃။ ပြည်ပမှတင်သွင်းသည့် စက်ပစ္စည်းတန်ဖိုး US (0.88 million) မြန်မာငွေကျပ်သန်း (၁၁၈၄.၄၄၄) အနက် US (0.88 million) မြန်မာငွေ (၈၁၆.၇၃၀) သန်းအား good brother company limited မှ (၁-၃-၂၀၁၈) နေ့တွင် အခွန်ကင်းလွတ်ခွင့်ရယူခြင်းမရှိဘဲ တင်သွင်းခဲ့ပြီးဖြစ်ပါသည်။

၄။ ပြည်ပမှတင်သွင်းရန် ကျန် US$ (200000) ကျော် မြန်မာ (367.784) ကျပ်သန်း တန်ဖိုးရှိ စက်ပစ္စည်းများအား ပြည်ပမှ ဝယ်ယူခြင်းမရှိဘဲ ပြည်တွင်းမှသာ စက်ရုံအတွက် လိုအပ်သည့်စက်ပစ္စည်းများ ကို ဒီဇင်ဘာလ ၂၀၂၀ နှစ် အကုန်အထိ ဝယ်ယူတင်သွင်းမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

Daw Phyu Phyu Win
Managing Director
Myanmar Hua Qiang Wood Industrial Co., Ltd.



ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်

GOOD BROTHERS' COMPANY LIMITED

SALE CONTRACT

Date: 01.03.2018

Sale Contract No:GBS/001/2018

This sale contract is made between with Good Brothers' Co.,Ltd. ,No.22,Bayintnaung Main Road, Thirimon Housing Hlaing Township ,Yangon , Myanmar (hereinafter called the Seller) who agree to Sale and Myanmar Hua Qiang Wood Industrial Company limited (Company registration No.103769892) (hereinafter called the Buyer) who agree to buy the following goods on the under mentioned terms and conditions:

TERMS AND CONDITIONS

1.Name of commodity : **Brand New Machine**

2.Quantity and Goods :

No.	Goods	Brand	Model	Qty	Units Price/MMK	Total Price /MMK
1	WOODWORKING BAND SAW	NANYANG	MJ-3110	1	6000000.00	6000000.00
2	WOODWORKING BAND SAW	NANYANG	MJ-319	17	3300000.00	56100000.00
3	WOOD BAND SAW CARRIAGE	NANYANG	MJ-329/2SD3-Q	3	6750000.00	20250000.00
4	WOOD BAND SAW CARRIAGE	NANYANG	MT-1500	2	8600000.00	17200000.00
5	MYHG WOOD DRYING KILN	NANYANG	MYHG-200	18	28000000.00	504000000.00
6	SAW BLADE SHARPENER	NANYANG	MR1115	4	880000.00	3520000.00
7	SAW BLADE ROLLER	NANYANG	MR4115	2	675000.00	1350000.00
8	ELECTRIC WELDING MACHINE	ELEFAN	ZX7-315CT	2	405000.00	810000.00
9	STEAM BOILER	HONGXING	DZG4-1.25-S	2	40000000.00	80000000.00
10	WOOD DRYING EQUIPMENT	XINTAI	R2018-064	1	33000000.00	33000000.00
11	WOOD DRYING EQUIPMENT	XINTAI	R2018-065	1	33000000.00	33000000.00
12	FORKLIFT TRUCK	HC	CPCD30-AG51	4	12000000.00	48000000.00
13	FORKLIFT TRUCK	HC	CPCD30-AG51	1	13500000.00	13500000.00
Total Amount						**816730000.00**

3. Total Amount : Kyats

4. Country Of Origin : China

5. Destination : Yangon

6. Payment Term : With 3 Days after receive the Goods

7. Bank : KBZ (00550300501760501) GOOD BROTHERS CO.,LTD.


11.Trade Terms : DDP Yangon (Import from China)

12. Arbitration : Entrepreneur having trade dispute with foreign companies, shall resolve the said dispute only in accordance with the existing law of the Union of Myanmar , namely thearbitration ACT 1944.

No.(22), Bayint Naung Road, Thirimon Housing, Hlaing Tsp; Yangon, Myanmar.
Tel : 01-3682147, 3682157, 3682799 (Ext: 815, 825) www.GBS.com.mm

13.Law of Performance :This contract is subject to the reception of Export License from the Department of Ministry of Commerce Union of Myanmar.

(Buyer) (Seller)




Myanmar Hua Qiang Wood Industrial Company limited **GOOD BROTHERS CO.,LTD.**

[illegible]
Managing Director
Myanmar Hua Qiang Wood Co., Ltd







ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

တယ်လီဖုန်း-၀၁-၆၅၇၈၂၄
ဖက်(စ်)-၀၁-၆၅၇၈၂၄

စာအမှတ်၊ မရက- ၉ / မ-ထွေ/ ၂၀၂၀(၂၇၃၄)
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၃၀ ရက်

သို့

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

အကြောင်းအရာ။ **Myanmar Hua Qiang Wood Industrial Co., Ltd. မှ စီးပွားဖြစ်စတင်သည့်နေ့အား သတ်မှတ်ပေးပါရန်နှင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်ခံစားခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ**

ရည်ညွှန်းချက် ။ Myanmar Hua Qiang Wood Industrial Co., Ltd. ၏ ၂၆-၄-၂၀၂၀ ရက်စွဲပါ

၁။ Myanmar Hua Qiang Wood Industrial Co., Ltd. သည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S.9)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၈၃၈) ရှိ မြေ ၁၀.၀၈ ဧကတွင် ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့် အချောသပ်အထပ်သားထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၀၁၈ ခုနှစ်စက်တင်ဘာလ ၂၅ ရက်နေ့ ရက်စွဲပါ အတည်ပြုမိန့်အမှတ်- မပန-၀၀၅/၂၀၁၈ ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။


၂။ ကုမ္ပဏီမှ စီးပွားဖြစ် စတင်သည့်နေ့အား သတ်မှတ်ပေးပါရန် နှင့် ဝင်ငွေခွန်ကင်းလွတ်ခွင့်ခံစားခွင့်ပြုပါရန် ရည်ညွှန်းပါစာဖြင့် တင်ပြလာခြင်းကိစ္စနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ကွင်းဆင်းစစ်ဆေး၍ ကော်မရှင်သို့ စိစစ်တင်ပြရန် အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို

မွန်ပြည်နယ်ဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရုံးလက်ခံ၊ မျှောစာတွဲ

Inspection rp



ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

Certificate of Incorporation

မြန်မာဟွာ ချန်ဝုဒ်အင်ဒက်စထရီရယ်(လ်) ကုမ္ပဏီ လီမိတက်

MYANMAR HUA QIANG WOOD INDUSTRIAL COMPANY LIMITED

Company Registration No. 103769892

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ ၁၉၁၄ ခုနှစ် အရ

မြန်မာဟွာ ချန်ဝုဒ်အင်ဒက်စထရီရယ်(လ်) ကုမ္ပဏီ လီမိတက်

အား ၂၀၁၈ ခုနှစ် မေ ၃၁ ရက်နေ့တွင်

အစုရှယ်ယာအားဖြင့် တာဝန်ကန့်သတ်ထား သည့် အများနှင့်မသက်ဆိုင်သောကုမ္ပဏီ

အဖြစ် ဖွဲ့စည်းမှတ်ပုံတင်ခွင့် ပြုလိုက်သည်။

This is to certify that

MYANMAR HUA QIANG WOOD INDUSTRIAL COMPANY LIMITED

was incorporated under the Myanmar Companies Act 1914 on 31 May 2018 as a Private Company Limited by Shares.

ကုမ္ပဏီမှတ်ပုံတင်အရာရှိ

Registrar of Companies

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

Directorate of Investment and Company Administration



Former Registration No. 1128/2018-2019(YGN)



DIRECTORATE OF INVESTMENT AND COMPANY ADMINISTRATION

Myanmar Companies Online Registry - Company Extract

Company Name (English)
MYANMAR HUA QIANG WOOD INDUSTRIAL COMPANY LIMITED

Company Name (Myanmar)
မြန်မာဝှ ချန်ဝု(ဒ်)၊ အင်ဒက်စထရီရယ်(လ်) ကုမ္ပဏီ လီမိတက်

Company Information

Registration Number	Registration Date	Status
103769892	31/05/2018	Registered
Company Type	**Foreign Company**	**Small Company**
Private Company Limited by Shares	No	No
Principal Activity	**Date of Last Annual Return**	**Previous Registration Number**
-	-	1128/2018-2019(YGN)

Addresses

Registered Office In Union

KYAE TAING PYIN KWIN, OO PAING NO,838, KWIN NO. O.S.S(9)
SAKHANNGYI VILLAGE GROUP ,THANPHYUZAYAT
MON STATE, Myanmar 12091

Officers

Name:	MYINT AYE	Type:	Director
Date of Appointment:	N/A	Date of Birth:	01/12/1975
Nationality:	Myanmar	N.R.C./Passport:	1/MAKANA(N)081480
Gender:	Male	Business Occupation:	-
Name:	PHYU PHYU WIN	Type:	Director
Date of Appointment:	N/A	Date of Birth:	24/05/1977
Nationality:	Myanmar	N.R.C./Passport:	1/MAKANA(N)081481
Gender:	Female	Business Occupation:	-

Ultimate Holding Company

Name of Ultimate Holding Company	Jurisdiction of Incorporation	Registration Number
-	-	-

Share Capital Structure

Total Shares Issued by Company	Currency of Share Capital
5,000	MMK

Class	Description	Total Number	Total Amount Paid	Total Amount Unpaid
ORD	Ordinary	5,000	50,000,000.00	0.00

Members

Name: MYINT AYE



DIRECTORATE OF INVESTMENT AND COMPANY ADMINISTRATION

Myanmar Companies Online Registry - Company Extract

Company Name (English)
MYANMAR HUA QIANG WOOD INDUSTRIAL COMPANY LIMITED

Company Name (Myanmar)
မြန်မာဝှ ချန်ဝု(ဒ်)၊ အင်ဒက်စထရီရယ်(လ်) ကုမ္ပဏီ လီမိတက်

Gender:	Male	Date of Birth:	01/12/1975
Nationality:	Myanmar	N.R.C./Passport:	1/MAKANA(N)081480

Class	Description	Total Number	Total Amount Paid	Total Amount Unpaid
ORD	Ordinary	250	2,500,000.00	0.00

Name:	PHYU PHYU WIN		
Gender:	Female	Date of Birth:	24/05/1977
Nationality:	Myanmar	N.R.C./Passport:	1/MAKANA(N)081481

Class	Description	Total Number	Total Amount Paid	Total Amount Unpaid
ORD	Ordinary	4,750	47,500,000.00	0.00

Mortgages and Charges

Form / Filing Type	Effective Date
No records available	

Details about all mortgages and charges can be accessed from the Company Profile Filing History at no charge.

Filing History

Form / Filing Type	Effective Date
B-1 | Application for re-registration of a private company limited by shares	10/09/2018

Myanmar Companies Online Registry - Company Extract

Company Name (English)
MYANMAR HUA QIANG-WOOD INDUSTRIAL COMPANY LIMITED

Company Name (Myanmar)
မြန်မာဝှ ချန့်ဝု(ဒ်)၊ အင်ဒက်စထရီရယ်(လ်) ကုမ္ပဏီ လီမိတက်

Company Information

Registration Number
103769892

Registration Date
31/05/2018

Status
Registered

Company Type
Private Company Limited by Shares

Foreign Company
No

Small Company
No

Principal Activity
-

Date of Last Annual Return
-

Previous Registration Number
1128/2018-2019(YGN)

Addresses

Registered Office In Union	KYAE TAING PYIN KWIN, OO PAING NO,838, KWIN NO. O.S.S(9) SAKHANNGYI VILLAGE GROUP ,THANPHYUZAYAT MON STATE, Myanmar 12091

Officers

Name:	MYINT AYE	Type:	Director
Date of Appointment:	N/A	Date of Birth:	01/12/1975
Nationality:	Myanmar	N.R.C./Passport:	1/MAKANA(N)081480
Gender:	Male	Business Occupation:	-
Name:	PHYU PHYU WIN	Type:	Director
Date of Appointment:	N/A	Date of Birth:	24/05/1977
Nationality:	Myanmar	N.R.C./Passport:	1/MAKANA(N)081481
Gender:	Female	Business Occupation:	-

Ultimate Holding Company

Name of Ultimate Holding Company	Jurisdiction of Incorporation	Registration Number
-	-	-

Share Capital Structure

Total Shares Issued by Company
5,000

Currency of Share Capital
MMK

Class	Description	Total Number	Total Amount Paid	Total Amount Unpaid
ORD	Ordinary	5,000	50,000,000.00	0.00

Members

Name:	MYINT AYE





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ
အတည်ပြုမိန့်

အတည်ပြုမိန့်အမှတ် မပန-၀၀၅/၂၀၁၈ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၅ ရက်

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၅ (ဃ) အရ ဤအတည်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) ရင်းနှီးမြှုပ်နှံသူအမည် ဒေါ်ဖြူဖြူဝင်း

(၂) နိုင်ငံသား မြန်မာ

(၃) နေရပ်လိပ်စာ အမှတ်(၇၈၈)၊ (၁၃)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(၄) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ -

(၅) ဖွဲ့စည်းရာအရပ် -

(၆) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ်အထပ်သားထုတ်လုပ်ခြင်း လုပ်ငန်း

(၇) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ (များ) မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(O.S.S.9)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၈၃၈)ရှိ မြေ ၁၀.၀၈ ဧက

(၈) နိုင်ငံခြားမတည်ငွေရင်းပမာဏ -

(၉) နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာရမည့်ကာလ -

(၁၀) စုစုပေါင်းမတည်ငွေရင်းပမာဏ (ကျပ်) ကျပ် ၁၂၄၁.၂၄၄ သန်း
(US$ ၈၇၇၃၆၆ အပါအဝင်)

(၁၁) တည်ဆောက်မှု/ပြင်ဆင်မှုကာလ ၂ နှစ်


(၁၂) အတည်ပြုမိန့်သက်တမ်း -

(၁၃) ရင်းနှီးမြှုပ်နှံမှုပုံစံ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု

(၁၄) မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့် ကုမ္ပဏီအမည် MYANMAR HUA QIANG WOOD INDUSTRIAL COMPANY LIMITED
{ မြန်မာ ဟွာချန့်ဝုဒ်(ဒ်) အင်ဒက်စရီရယ်(လ်) ကုမ္ပဏီလီမိတက် }

ဥက္ကဋ္ဌ
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

ကန့်သတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

တတိယထပ်၊ မြို့နယ်စုပေါင်းရုံး၊ ရုံးကြီးလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့

ဖုန်း - ၀၅၇-၂၀၂၂၃၆၅
ဖက်စ် - ၀၅၇-၂၀၂၂၃၈၅

စာအမှတ်၊ မရက/၁/နငသ/၂၀၁၈ (၀၄၅)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ၂၅ရက်

အကြောင်းအရာ။ **Myanmar Hua Qiang Wood Industrial Company Limited ၏ ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ် အထပ်သားထုတ်လုပ်ခြင်းလုပ်ငန်း အတည်ပြုမိန့်အပေါ် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ ဆုံးဖြတ်ချက်**

ရည် ညွှန်း ချက်။ Myanmar Hua Qiang Wood Industrial Company Limited ၏ ၂၀၁၈ ခုနှစ် ဇွန် လ ၁၉ ရက် နေ့စွဲပါတင်ပြစာ

၁။ Myanmar Hua Qiang Wood Industrial Company Limited မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(O.S.S.9)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၈၃၈)ရှိ မြေ ၁၀.၁၈ ဧက တွင် ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာတင်ပြလာခြင်းအပေါ် ၂၀၁၈ ခုနှစ် စက်တင်ဘာ လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၁၈) ကြိမ်မြောက်အစည်းအဝေး၌ တင်ပြခဲ့ရာခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်နည်းဥပဒေများကိုကျင့်သုံးလျက် Myanmar Hua Qiang Wood Industrial Company Limited အား ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အတည်ပြုမိန့်အမှတ် ၊ မပန-၀၀၅/၂၀၁၈ ကို ထုတ်ပေးလိုက်သည်။

ကန့်သတ်

၂။ Myanmar Hua Qiang Wood Industrial Company Limited အနေဖြင့် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) Myanmar Hua Qiang Wood Industrial Company Limited အနေဖြင့် ဤအတည်ပြုမိန့်အရ ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ် အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၇၅၊ ၇၇၊ ၇၈ အရ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ပြဋ္ဌာန်းထားသည့် အချက်များနှင့်အညီ ခံစားခွင့် ပြုနိုင်ရန် လျှောက်ထားနိုင်သည်။

(ခ) Myanmar Hua Qiang Wood Industrial Company Limited သည် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် ထုတ်လုပ်မှုရည်မှန်းချက်များကိုအနိမ့်ဆုံးရည်မှန်းချက်များ အဖြစ် ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

(ဂ) Myanmar Hua Qiang Wood Industrial Company Limited အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅ နှင့် နည်းဥပဒေ အခန်း(၂၀) တို့တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ၏တာဝန်ဝတ္တရားများနှင့်အညီလိုက်နာ ဆောင်ရွက်ရမည်။

(ဃ) Myanmar Hua Qiang Wood Industrial Company Limited သည် အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထုတ်ပြန်ထားပြီး ဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(င) Myanmar Hua Qiang Wood Industrial Company Limited သည် ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်းသက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့်လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၇၂ နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြရမည်။

(စ) Myanmar Hua Qiang Wood Industrial Company Limited သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၉၆ အရနှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး နောက်သုံးလအတွင်း နှစ်စဉ်အစီရင်ခံစာအား သတ်မှတ်ပုံစံဖြင့် ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင်ရုံး၏ ဝက် (ဘ်)ဆိုဒ်သို့ တင်ပြရမည်။


(ဆ) Myanmar Hua Qiang Wood Industrial Company Limited သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၇ အရ လုပ်ငန်းဆောင်ရွက်နေစဉ် အတွင်း လုပ်ငန်း အစီရင်ခံစာကို သုံးလလျှင်တစ်ကြိမ် ကော်မရှင်က သတ်မှတ် တောင်းခံသည့် ပုံစံဖြင့် တင်ပြရမည်။

၃။ Myanmar Hua Qiang Wood Industrial Company Limited သည် အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းသဘာဝအရဖြစ်စေ၊ အခြားလိုအပ်ချက် အရ ဖြစ်စေ၊ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ရယူရန်လိုအပ်လျှင်ဖြစ်စေ၊ သက်ဆိုင်ရာဌာနနှင့် မြေငှားရမ်းခြင်း စာချုပ် ချုပ်ဆိုသည်ဖြစ်စေ၊ မှတ်ပုံတင်ရန်လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာ ဌာန၏ သတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ပြီး မိတ္တူ(၅)စုံစီအား ကော်မတီသို့ ပေးပို့ရမည်။

(ဒေါက်တာအေးဇံ)
ဥက္ကဋ္ဌ
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

ဖြန့်ဝေခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထဲရေးဝန်ကြီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
စက်မှုဝန်ကြီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
Myanmar Hua Qiang Wood Industrial Company Limited



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၅ ရက်စွဲပါ အတည်ပြုမိန့်အမှတ် မပန- ၀၀၅/၂၀၁၈

တွင်ပြင်ဆင်ချက်

၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၃/၂၀၂၀ ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ Myanmar Hua Qiang Wood Industrial Company Limited ၏ ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းအမျိုးအစားအား " ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း" မှ " ရာဘာသစ်ခွဲသားထုတ်လုပ်ခြင်းလုပ်ငန်း" သို့ ပြောင်းလဲပြင်ဆင်လိုက်သည်။


(၆) **ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား** ရာဘာသစ်ခွဲသားထုတ်လုပ်ခြင်း လုပ်ငန်း

(ဒေါက်တာအေးဇံ)

ဥက္ကဋ္ဌ

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် လ ၁၂ ရက်

နေရာ၊ မော်လမြိုင်မြို့



THE REPUBLIC OF THE UNION OF MYANMAR

Mon State Investment Committee

Amendment on Endorsement No. MON-005/2018 dated 25th September 2018

The Mon State Investment Committee, at its meeting (3/2020) held on 5th August 2020, approved the type of business of Myanmar Hua Qiang Wood Industrial Company Limited be changed from manufacturing of rubber wood based plywood to manufacturing of rubber wood sawn timber.

(6) **Type of business** MANUFACTURING OF RUBBER WOOD SAWN TIMBER

(Dr. Aye Zan)


Chairman

Date: 12 August 2020

Location: Mawlamyine



ကန့်သတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
အမှတ်၊ လောင်ပြင်လမ်း၊ မန္တလေးရပ်ကွက်၊ မော်လမြိုင်မြို့

တယ်လီဖုန်း - ၀၅၇-၂၀၂၃၃၉၅ | စာအမှတ်၊ မရက/၁/နသေ/၂၀၂၀ (၀၄၁)
ဖက်စ် - ၀၅၇-၂၀၂၃၈၅ | ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် လ ၁၂ ရက်

အကြောင်းအရာ။ Myanmar Hua Qiang Wood Industrial Company Limited ၏ လုပ်ငန်းအမျိုးအစား ပြောင်းလဲပြင်ဆင်ခွင့်ပြုရန် ကိစ္စ

ရည် ညွှန်း ချက်။ Myanmar Hua Qiang Wood Industrial Company Limited ၏ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်စွဲပါ တင်ပြစာ

၁။ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ ၃/၂၀၂၀ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ Myanmar Hua Qiang Wood Industrial Company Limited ၏ ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစားအား ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း မှ ရာဘာသစ်ခွဲသားထုတ်လုပ်ခြင်းလုပ်ငန်း သို့ ပြောင်းလဲပြင်ဆင်လိုက်သည်။

၂။ သို့ဖြစ်ပါ၍ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ထုတ်ပေးခဲ့သော ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်စွဲပါ အတည်ပြုမိန့်အမှတ်၊ မပန- ၀၀၅/ ၂၀၁၈ တွင် Myanmar Hua Qiang Wood Industrial Company Limited ၏ ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား အား ရာဘာသစ်ခွဲသားထုတ်လုပ်ခြင်းလုပ်ငန်း သို့ ပြင်ဆင်လိုက်သည်။

၃။ Myanmar Hua Qiang Wood Industrial Company Limited အနေဖြင့် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ထုတ်ပြန်ထားသည့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်စွဲပါ စာအမှတ်၊ မရက/ ၁/ နသေ/ ၂၀၁၈ (၀၄၅) တွင် ဖော်ပြပါရှိသည့် စည်းမျဉ်းစည်းကမ်းများ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(ဒေါက်တာအေးဇံ)
ဥက္ကဋ္ဌ

Myanmar Hua Qiang Wood Industrial Company Limited
ဖြန့်ဝေခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

ကန့်သတ်

ပြည်ထဲရေးဝန်ကြီးဌာန
စိုက်ပျိုး၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့
ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

FOREST
L-28

FOREST DEPARTMENT, MYANMAR



2769

Saw-Mill Licence

FOREST LAW, 1992 Section 30

A "Saw-mill" means a Saw Pit where Saws driven by Mechanical Power are used

DIVISION

In consideration of payment of K ( ) per annum, the holder of this licence in permitted to estiblish a Saw-mill and to convert timber thereat within the limits and subject to the conditions and conditions specified below

LICENCE HOLDER'S Name (Myanmar Wood Industrial Co., Ltd) Hua Qiang

Residence

PLACE AT WHICH SAW-MILL MAY BE ESTABLISHED

BOUNDARIES OF SAW MILL North- East- South- West-

TIMBER THAT MAY BE CONVERTED

DATE OF Issue of licence 2019

Expiry of licence 30-9-2020

Signature of Issuing Officer.

[illegible]

သစ်စက်လိုင်စင်၏ စည်းကမ်းချက်များ

[illegible]

(၁) သစ်စက်တည်ထောင်ခြင်းသည် သစ်စက်လိုင်စင်တွင် ဖော်ပြထားသည့် [illegible] တည်နေရာအတိုင်း ဖြစ်ရမည်။

(၂) သစ်စက်၏ ဖြင်းကောင်ရေအားသည် လိုင်စင်စည်းကမ်းချက်များတွင် ဖော်ပြပါရှိသည့်အတိုင်း ဖြစ်ရမည်။

(၃) သစ်စက်ရှိ လွှမိုင်းအရွယ်အစားနှင့် အရေအတွက်သည် လိုင်စင်တွင် ခွင့်ပြုထားသည့်အတိုင်း ဖြစ်ရမည်။

(၄) သစ်စက်၏ နယ်နိမိတ်ပတ်လည်တွင် စည်းရိုးခတ်၍ ကောင်းမွန်စွာ [illegible] ထားရမည်။ လိုအပ်ပါက ပြောင်းနိုင်လည်း [illegible] ထားရမည်။ [illegible] ဝင်းခြံတွင် အခြားအပေါက်တစ်ခုတစ်ရာ

(၅) ခွင့်ပြုသည့် ဝင်းတံခါးပေါက်မှလွဲ၍ [illegible] ပေါက်များမှတပါး [illegible] မရှိစေရ။ ခွင့်ပြုသည့် ဝင်းတံခါးပေါက်များတွင် တံခါးများ တပ်ဆင်ထားရမည်။ ခွင့်ပြုထားသော ဝင်းတံခါးပေါက်များမှပင် သစ်များကို သယ်ဆောင်ရမည်။ [illegible]

(၆) နေဝင်ချိန်မှ နေထွက်ချိန်အထိ သစ်စက်ပိတ်၍ တံခါးများကို သော့ခတ်ထားသောစနစ်ကို ကျင့်သုံးရမည်။ ၎င်းကာလတွင် သစ်တစ်စုံတစ်ရာကို ခွဲစိတ်ခြင်း မရှိစေရ။

(၇) သစ်စက်၏ အနီးတဝိုက် (အချင်းဝက် ကိုက် ၅၀၀) အတွင်းတွင် ခွင့်မပြုသော သစ်လုံးများနှင့် ခွင့်မပြုသော သစ်ခွဲသားများ မရှိစေရ။

(၈) သစ်စက်တွင် ခွဲစိတ်နေသော သစ်လုံးနှင့် ခွဲသားများသည် တရားဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ ရယူထားသော သစ်များဖြစ်ကြောင်း အထောက်အထားပြသည့် စာရွက်စာတမ်းပြေစာများ ရှိစေရမည်။ [illegible] သစ်စက် [illegible] သိမ်းထားရှိရမည်။

(၉) သစ်ခွဲစိတ်မှု အဝင်အထွက်မှတ်တမ်းစာရင်းများ [illegible] ၎င်းမှတ်ပုံတင် နယ်နိမိတ်အတွင်း ယူဆောင်လာသည့် သစ်များကို မှတ်ပုံတင်စာရင်း သွင်းရမည်။ ၎င်းမှတ်ပုံတင် စာရင်းစာအုပ်တွင် ယူဆောင်လာသော သစ် [illegible] တိုက် ဖြတ် စိတ် သည့် သစ်စာရင်းများနှင့် ဖတ်သက်သည့် [illegible] ပြေစာများ အတိုင်းစာရင်းများနှင့် တိုက်ဆိုင်မှု ရှိ/မရှိ သစ်များပေါ်ရှိ တံဆိပ်အမှတ်အသားများကို တိုက်ဆိုင်စစ်ဆေးရမည်။ နေ့စဉ်ခွဲစိတ်သည့် [illegible] ခွဲသားအရွယ်အစား၊ အရေအတွက်၊ ကုဗပေများကိုလည်း ထည့်သွင်းရေးသားရမည်။ သစ်စက်ရှိ [illegible] ကြောင်း သင့်မှန်ကြောင်း [illegible] နေ့စဉ်ခွဲစိတ်မှု ခွဲသားထွက်ရှိမှုကို ရေးသားထားရမည်။ [illegible] စိတ် တိုက် ဖြတ်

(၁၀) သစ်စက် [illegible] ဆောက်ပြီးသည်ဖြစ်စေ [illegible] ပြီးသည်ဖြစ်စေ [illegible] ပြီးသည်ဖြစ်စေ [illegible] ဖြစ်သည့် သစ်နှုန်းရမည်။ [illegible] မှလွှတ်ပေးသည့် ရုံးသို့ ပြန်လည်အပ်နှံရမည်။ [illegible] (သို့မဟုတ်) [illegible]

(၁၁) သစ်စက်လိုင်စင်ကို [illegible] အမြဲတမ်းရှိစေရမည်။ [illegible] တာဝန်ရှိသူများက ကိုယ်တိုင်လာ၍ [illegible] စစ်ဆေးလျှင် ပြသနိုင်ရမည်။

[illegible] ၁၀-၂၊၀၀၇ (၅/၆/၇/၂၀၁၇)

(1) [illegible] ၂ - ၅ - ၂၀၁၇

(2) [illegible] ၂ - ၅ - ၂၀၁၇

မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ် စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(OSS-9)ကြေးတိုင် ပြင်ကွင်း၊ ဦးပိုင်အမှတ်(၈၃၈)တွင် တည်ထောင်ခွင့်ပြုသည့်

Myanmar Hua Qiang Wood Industrial Co., Ltd ရာဘာသစ်ခွဲသား

စက်ရုံအတွင်း အသုံးပြုမည့် အင်ဂျင်၊ လျှပ်စစ်မော်တာများစာရင်း

သစ်စက်လိုင်စင်အမှတ်- ၂၄၆၉/၄၁ (၁-၁၀ -၂၀၁၈ မှ ၃၀- ၉ -၂၀၂၀ထိ)

စဉ်	အင်ဂျင်/မော်တာအမျိုးအစား	လျှပ်စစ်မော်တာ	အရေအတွက်	မှတ်ချက်
၁	Brand New Diesel Generator	640 KV	2 လုံး	
၂	Wood Drying Equipment	25 KW 22.5 KW	2 လုံး	
၃	Forklift	36.8/ 37 KW	5 လုံး	
၄	Wood Working Band Saw	30 KW	1 လုံး	
၅	Wood Working Band Saw	15 KW	17 လုံး	
၆	Wood Band Saw Carriage	4.5 KW	3 လုံး	
၇	Wood Band Saw Carriage	1.7 KW	2 လုံး	
၈	Wood Drying Kiln	15 KW	18 လုံး	
၉	Saw Blade Sharpener	0.75 KW	4 လုံး	
၁၀	Saw Blade Roller	0.75 KW	2 လုံး	
၁၁	Electric Welding Machine	20 A / 20.8 V 220 A / 28.8 V	2 လုံး	

(မြင့်အောင် – ၄)

လက်ထောက်ညွှန်ကြားရေးမှူး

သစ်တောဦးစီးဌာန၊ မော်လမြိုင်–သထုံခရိုင်

မော်လမြိုင်မြို့

Ts



စက်မှုဝန်ကြီးဌာန

မွန်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

လျှပ်စစ် – စစ်ဆေးရေး

အမှတ်(၅၀)၊ အထက်လမ်းမကြီး၊ စစ်ကဲကုန်းရပ်၊ မော်လမြိုင်မြို့

လျှပ်စစ်ဓာတ်အား အသုံးပြုခြင်းဆိုင်ရာအန္တရာယ်ကင်းရှင်းကြောင်းလက်မှတ်

လက်မှတ်အမှတ်စဉ် **EI/MON/TPZ/MP - ၉၂၄**

၂၀၁၄ ခုနှစ်၊ လျှပ်စစ် ဥပဒေပုဒ်မ ၃၂ (ဃ)တွင် ပြဌာန်းချက်အရ လျှပ်စစ်ဓာတ်အား အသုံးပြုခြင်း လုပ်ငန်းကိုစစ်ဆေးရာတွင်လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီကြောင်း စစ်ဆေး တွေ့ရှိရသဖြင့် အောက်ဖော်ပြပါနေရာဒေသ၌ လျှပ်စစ်ဓာတ်အားအသုံးပြုခြင်းလုပ်ငန်းကို အန္တရာယ် ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးလိုက်သည်–

၁။ လျှပ်စစ်ဓါတ်အားအသုံးပြုခြင်း

(က) သတ်မှတ်ဗို့အား — ၂၃၀/၄၀၀ ဗို့

(ခ) လုပ်ငန်းအမျိုးအမည် — မြန်မာ့ချွန်သစ်ခွဲသားစက်ရုံ

(ဂ) ခွင့်ပြုဝန်အား — ၆၂၅ kVA + ၆၂၅ kVA (လျှပ်ထုတ်စက်)

၂။ နေရာဒေသ

(က) အမည် — ဒေါ်ဖြူဖြူဝင်း

(ခ) မှတ်ပုံတင်အမှတ် — ၁/မကန (နိုင်) ၀၈၁၄၈၁

(ဂ) နေရပ်လိပ်စာ — စခန်းကြီးကျေးရွာ၊ ဘုရားသုံးဆူလမ်း၊ သံဖြူဇရပ်မြို့


၃။ လက်မှတ်ထုတ်ပေးသည့်ရက် — ၁၂ . ၃ . ၂၀၁၉

၄။ လက်မှတ်ကုန်ဆုံးသည့်ရက် — ၁၁ . ၃ . ၂၀၂၀

(ကျောဘက်တွင် ဖော်ပြထားသောစည်းကမ်းချက်များကိုလိုက်နာရပါမည်။)

မှတ်ချက်။ " စက်ရုံအတွင်း လျှပ်စစ်သွယ်တန်းတပ်ဆင်မှုအတွက် **Electrical Single Line Diagram** များ အပြည့်အစုံထားရှိရန်၊ သက်ဆိုင်ရာ **Panel** များတွင် အဆိုပါ **Single Line Diagram** များကို ထားရှိရန်နှင့် **Single Line Diagram** တွင်အညွှန်း **Label** များ ပြည့်စုံစွာထားရှိရန် "

အောင်ကျော်ဇင်
စစ်ဆေးရေးမှူး
မွန်ပြည်နယ်လျှပ်စစ်စစ်ဆေးရေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စက်မှုဝန်ကြီးဌာန

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

ပုဂ္ဂလိကစက်မှုလုပ်ငန်းမှတ်ပုံတင်လက်မှတ်

စက်မှုမှတ်ပုံတင်အမှတ် ____ မ/ကြီး/၃၈၀ ____ ရက်စွဲ ____ ၂၄ . ၈. ၂၀၁၉ ____

လုပ်ငန်းအရွယ်အစား အကြီးစား ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ် ____ မွန် ____

အောက်ပါလုပ်ငန်းသည် ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (ဂ)အရ မှတ်ပုံတင်ပြီး ဖြစ်ပါသည်။

၁။ လုပ်ငန်းအမည် MYANMAR HUA QIANG WOOD INDUSTRIAL CO., LTD. သစ်ခွဲသားစက်ရုံ

၂။ လုပ်ငန်းအမျိုးအမည် ____ နေထိုင်ရေးလုပ်ငန်း ____

၃။ အဓိကကုန်ချောပစ္စည်းအမျိုးအမည် ____ ရာဘာခွဲသား ____

၄။ တည်နေရာလိပ်စာ ____ စခန်းကြီးကျေးရွာ၊ ဘုရားသုံးဆူလမ်း၊ သံဖြူဇရပ်မြို့နယ်၊ မော်လမြိုင်ခရိုင် ____

၅။ ပိုင်ဆိုင်မှုအမျိုးအစား ____ ကုမ္ပဏီပိုင် ____

၆။ လုပ်ငန်းရှင်အမည် ____ ဦးမြင့်အေး(ဒါရိုက်တာ) ____

၇။ ကိုင်ဆောင်သည့်မှတ်ပုံတင်အမှတ် ____ ၁/မကန(နိုင်)၀၈၁၄၈၀ ____

၈။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး(ကျပ်) ____ ၁၀၅၃. ၅၄ သန်း ____ တည်ထောင်သည့်ခုနှစ် ____ ၂၀၁၉ ____

၉။ အသုံးပြုသည့်အားအမျိုးအစား ____ လျှပ်ထုတ်စက် ____ မြင်းကောင်ရေ ____ ၁၂၅၀ KVA ____

၁၀။ အလုပ်သမားဦးရေ ____ ၉၂ ဦး ____


၁၁။ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့ရက် ____ ၃၁. ၈. ၂၀၂၀ ____





အေးအေးဝင်း

ညွှန်ကြားရေးမှူးချုပ်



ဘွိုင်လာယာယီအသုံးပြုခွင့်လက်မှတ်

{ လုပ်ထုံးလုပ်နည်းအပိုဒ် ၆ အပိုဒ်ခွဲ (ဆ) }

စာအမှတ်၊ [illegible] / [illegible] / [illegible]
၂၀၂၁-၂၀၂၂

[illegible]
Myanmar [illegible] Wood Industrial Co Ltd
[illegible]
[illegible]
အား

ကုမ္ပဏီ၊ [illegible] နိုင်ငံမှ

ပါသော

ထုတ်လုပ်သည့်ဘွိုင်လာအမှတ်

သို့မဟုတ်ဘွိုင်လာမှတ်ပုံတင်အမှတ်မ.စ ၆၁၂၀ ဖြစ်သော [illegible] ဘွိုင်လာကို

ခွင့်ပြုဖိအား ၁.၁၆ MPa ဖြင့် လက်မှတ်ထုတ်ပေးသည့်နေ့မှ (၆) လ အသုံးပြုခွင့်ရှိသည်။

ယင်းကာလအပိုင်းအခြား ကျော်လွန်သည့်အခါ ထုတ်ပေးထားသည့် ဤယာယီအသုံးပြုခွင့်

လက်မှတ် ပျက်ပြယ်စေရမည်။

ဘွိုင်လာစစ်ဆေးရေးမှူး
ဌာနခွဲမှူး
ဘွိုင်လာစစ်ဆေးရေး
မွန်ပြည်နယ်၊ မော်လမြိုင်မြို့

ရက်စွဲ။ ၄.၁.၂၀၂၀

မှတ်ချက် ။ ။ ဘွိုင်လာ ဥပဒေပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းက လိုအပ်၍တောင်းဆိုသည့်အခါဤလက်မှတ်ကိုတင်ပြရမည်။

ဘွိုင်လာယာယီအသုံးပြုခွင့်လက်မှတ်

{ လုပ်ထုံးလုပ်နည်းအပိုဒ် ၆ အပိုဒ်ခွဲ (ဆ) }

စာအမှတ်၊ ၁၁၁၄ / ၂၀၁၉ / ၂၀၁၉ / ၁၁၁၁-၆

ဒါရိုက်တာ ဦး...

Myanmar Hua ... Wood Industrial Co.Ltd

...

...

.... အား ....

.... ကုမ္ပဏီ၊ .... နိုင်ငံမှ

.... ပါသော

ထုတ်လုပ်သည့်ဘွိုင်လာအမှတ် ....

သို့မဟုတ်ဘွိုင်လာမှတ်ပုံတင်အမှတ်မ.စ ...... ၆၁၁၃ ...... ဖြစ်သော ...... ဘွိုင်လာကို

ခွင့်ပြုဖိအား ... ၁၀.၃၅ ... ဖြင့် လက်မှတ်ထုတ်ပေးသည့်နေ့မှ (၆) လ အသုံးပြုခွင့်ရှိသည်။ ယင်းကာလအပိုင်းအခြား ကျော်လွန်သည့်အခါ ထုတ်ပေးထားသည့် ဤယာယီအသုံးပြုခွင့်လက်မှတ် ပျက်ပြယ်စေရမည်။

ဘွိုင်လာစစ်ဆေးရေးမှူး

ဌာနခွဲမှူး

ဘွိုင်လာစစ်ဆေးရေး

မွန်ပြည်နယ်၊ မော်လမြိုင်မြို့

ရက်စွဲ။ ... ၄.၁.၂၀၂၀ ...

မှတ်ချက် ။ ။ ဘွိုင်လာ ဥပဒေပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းထားသည့် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းက လိုအပ်၍တောင်းဆိုသည့်အခါဤလက်မှတ်ကိုတင်ပြရမည်။

049290



The Government of The Republic of the Union of Myanmar
Ministry of Commerce
Department of Trade

CERTIFICATE OF EXPORTER/IMPORTER REGISTRATION

1. Enterprise Name (မြန်မာ/အင်္ဂလိပ်) MYANMAR HUA QIANG WOOD INDUSTRIAL COMPANY LIMITED.

2. Registration No: 103769892(26-10-18)

3. Registration Term: FIVE YEAR

4. Start Date : 26-10-2018

5. End Date : 25-10-2023

6. Address : (မြန်မာ/အင်္ဂလိပ်) KYAE TAING PYIN KWIN, OO PAING NO,838, KWIN NO. O.S.S(9), SAKHANNGYI VILLAGE GROUP , THANPHYUZAYAT, Mon State,Myanmar

7. Business Registration No : 103769892(31-05-2018)

8. Type of Business : (မြန်မာ/အင်္ဂလိပ်)
- ☐ Sole Proprietorship(တစ်ဦးတည်းပိုင်)
- ☐ Partnership(အစုအစပ်)
- ☒ Limited Company(လီမိတက်ကုမ္ပဏီ)(Myanmar/Foreign)
- ☐ Co-operative Society(သမဝါယမအသင်း)
- ☐ Others(Please specify)အခြား(ဖော်ပြရန်) သင်းဖွဲ့မှတ်တမ်းပါလုပ်ငန်း(   )မျိုး ဆောင်ရွက်ခွင့်ရှိသည်။

9. Type of Service : ◉ New ○ Extension ☒ Amendment

10. Contact No :

095102021 — Telephone No.

Fax No.

huaqiang8888@gmail.com — e-mail

11. Remarks :
MIC Permit No.MaPaNa-005/2018(25-9-2018)

12. Terms and Conditions : စည်းကမ်းချက်များ

I hereby register the above mentioned enterprise as Exporter/Importer subject to the following terms and conditions: (အောက်ဖော်ပြပါစည်းကမ်းချက်များဖြင့် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်အဖြစ် မှတ်တမ်းတင်ခွင့်ပြုသည်)

(a) Line of goods permitted - all items except prohibited and restricted items.
ခွင့်ပြုသည့်ကုန်ပစ္စည်းအမျိုးအမည် - တားမြစ်ကန့်သတ်ထားသော ကုန်ပစ္စည်းအမယ်များမှလွဲ၍ ကျန်ကုန်ပစ္စည်းများအားလုံး

(b) The enterprise must abide by the Export/Import rules and Regulations prescribed for the registered Exporters/Importers.(လုပ်ငန်းရှင်သည် မှတ်ပုံတင် ပို့ကုန်သွင်းကုန်လုပ်ငန်းလုပ်ကိုင်သူများ လိုက်နာရမည့်စည်းကမ်းချက်များကို လိုက်နာရမည်)




Stamp

18.6.2020

For Director General
ဝင်းဝင်းစမ်း လက်ထောက်ညွှန်ကြားရေးမှူး

EIREG1018632EIREGEX12130012



မွန်ပြည်နယ်အစိုးရအဖွဲ့

လယ်မြေ မှတ်ပုံတင် လယ်ယာမြေအားအခြားနည်းဖြင့်အသုံးပြုရန် ခွင့်ပြုမိန့်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်(မြောက်ပိုင်း) ခရိုင်၊ လှိုင်သာယာ မြို့နယ်၊ FMI City ဝန်ထမ်းအိမ်ရာ နေ ဦး မောင်မောင် ၏ သမီး ဒေါ်ဖြူဖြူဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁/မကန(နိုင်)၀၈၁၄၈၁ အား လယ်ယာမြေဥပဒေ ပုဒ်မ ၂၉ နှင့် ၃၀ တို့အရ အောက်ဖော်ပြပါလယ်မြေမှတ်ပုံတင် လယ်ယာမြေကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အခြားနည်းဖြင့် အသုံးပြုခွင့်ပြုလိုက်သည်။


အခြားနည်းအသုံးပြုခွင့်ပြုသည့် လယ်မြေမှတ်ပုံတင် လယ်ယာမြေအကြောင်းအရာ

မွန် ပြည်နယ်၊ မော်လမြိုင် ခရိုင်၊ သံဖြူဇရပ် မြို့နယ်

စဉ်	ကျေးရွာအုပ်စု	ကွင်း/အကွက်အမှတ်နှင့်အမည်	ဦးပိုင်အမှတ်	မြေမျိုး	ခွင့်ပြုသည့်ဧရိယာ		ခွင့်ပြုသည့်နည်းလမ်း	မှတ်ချက်
					ဧက	ဒသမ		
၁	၂	၃	၄	၅	၆	၇	၈	၉
-	စခမ်းကြီး	OSS/၉ ကြေးတိုင်ပြင်ကွင်း	၈၃၈	ရော်ဘာမြေ	၂	၅၆	ရော်ဘာသစ်ပိုကုန်ကြမ်းမြေအဖြစ်အသုံးပြုရန်	

သက်သေခံမြေ ပုံပူးတွဲထားပါသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့၏ (၁၅-၇-၂၀၁၈)ရက်နေ့ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၈)၊ ဆုံးဖြတ်ချက်အမှတ်(၁၆)အရ ၊ လက်မှတ်ရေးထိုးထုတ်ပေးခြင်းဖြစ်သည်။



လှဝင်းတင်
အတွင်းရေးမှူး

စာအမှတ်၊ ၃၀၀ /၁ - ၂၁/အဖရ (မွန်)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်



မွန်ပြည်နယ်အစိုးရအဖွဲ့
လယ်မြေ မှတစ်ပါး လယ်ယာမြေအားအခြားနည်းဖြင့်အသုံးပြုရန် ခွင့်ပြုမိန့်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်(မြောက်ပိုင်း) ခရိုင်၊ လှိုင်သာယာ မြို့နယ်၊ FMI City ဝန်ထမ်းအိမ်ရာ နေ ဦး မောင်မောင် ၏ သမီး ဒေါ်မြမြဝင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁/မကန(နိုင်)၀၈၁၄၈၁ အား လယ်ယာမြေဥပဒေ ပုဒ်မ ၂၉ နှင့် ၃၀ တို့အရ အောက်ဖော်ပြပါလယ်မြေမှတစ်ပါး လယ်ယာမြေကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ အခြားနည်းဖြင့် အသုံးပြုခွင့်ပြုလိုက်သည်။

အခြားနည်းအသုံးပြုခွင့်ပြုသည့် လယ်မြေမှတစ်ပါး လယ်ယာမြေအကြောင်းအရာ

မွန် ပြည်နယ်၊ မော်လမြိုင် ခရိုင်၊ သံဖြူဇရပ် မြို့နယ်

စဉ်	ကျေးရွာအုပ်စု	ကွင်း/ အကွက်အမှတ်နှင့် အမည်	ဦးပိုင်အမှတ်	မြေမျိုး	ခွင့်ပြုသည့် ဧရိယာ		ခွင့်ပြုသည့်နည်းလမ်း	မှတ်ချက်
					ဧက	ဒသမ		
၁	၂	၃	၄	၅	၆	၇	၈	၉
-	စခမ်းကြီး	OSS/၉ ကြေးတိုင် ပြင်ကွင်း	၈၃၈	ရော်ဘာ မြေ	၆	၄၂	ရော်ဘာသစ်ပေါင်း စက်ရုံမြေအဖြစ် အသုံးပြုရန်	

သက်သေခံမြေ ပုံပူးတွဲထားပါသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့၏ (၁၅-၇-၂၀၁၈)ရက်နေ့ အစည်းအဝေးအမှတ်စဉ် (၂၇/၂၀၁၈)၊ ဆုံးဖြတ်ချက်အပိုဒ်(၁၀)အရ၊ လက်မှတ်ရေးထိုးထုတ်ပေးခြင်းဖြစ်သည်။



လှဝင်းတင်
အတွင်းရေးမှူး

စာအမှတ်၊ ၃၀၀ / ၁ - ၂၁/အဖရ (မွန်)

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး

စာအမှတ်၊ အီးအိုင်အေ-၁/ထွေ (၉၄၇ /၂၀၂၀)
ရက်စွဲ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၉ ရက်

သို့

Director
Myanmar Hua Qiang Wood Industrial Co., Ltd.
ဦးပိုင်အမှတ် (၈၃၈)၊ ကြေးတိုင်ပြင်ကွင်း၊ ကွင်းအမှတ် (OSS/ 9)၊ စခန်းကြီးကျေးရွာအုပ်စု၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်

အကြောင်းအရာ။ Myanmar Hua Qiang Wood Industrial Co., Ltd. ၏ ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination-IEE) အစီရင်ခံစာအား ရေးဆွဲဆောင်ရွက်ရန် တတိယအဖွဲ့အစည်း ရွေးချယ်ထားမှုအပေါ် အကြောင်းပြန်ကြားခြင်း

ရည် ညွှန်း ချက် ။ (၁) မွန်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၉.၂.၂၀၂၀ ရက်စွဲပါစာအမှတ် ၆၁၀/ ကကရ/ ၂၀၂၀

(၂) Myanmar Hua Qiang Wood Industrial Co., Ltd. ၏ ၂၀.၂.၂၀၂၀ ရက်စွဲပါတင်ပြစာ

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ Myanmar Hua Qiang Wood Industrial Co., Ltd. မှ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (OSS/ 9)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၈၃၈) တွင် ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာကို ရေးဆွဲတင်ပြရန် မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ညွှန်ကြားချက်အရ တတိယအဖွဲ့အစည်းဖြစ်သည့် Myanwei Consulting Co., Ltd. ဖြင့် ရေးသားဆောင်ရွက် ခွင့်ပြုပါရန် ရည်ညွှန်းပါစာဖြင့် တင်ပြလာပါသည်။

၂။ ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် IEE အစီရင်ခံစာ ရေးဆွဲဆောင်ရွက်မည့် တတိယအဖွဲ့အစည်းဖြစ်သည့် Myanwei Consulting Co., Ltd. အား စိစစ်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ

ထုတ်ပေးထားသည့် ကြားကာလအကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်ခြင်းအထောက်အထား လက်မှတ်ကို အဖွဲ့အစည်းအနေဖြင့် ရရှိထားပြီး ကျွမ်းကျင်ပညာရှင် (၄) ဦး ပါဝင်၍ ခွင့်ပြုထားသည့် ကျွမ်းကျင်မှုနယ်ပယ်များမှာ Facilitation of Meeting, Land Use, Legal Analysis, Geology and Soil, Occupational Safety and Health, Public Health ဆိုင်ရာ နယ်ပယ်များ ဖြစ်ပါကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ အဆိုပါ Myanmar Hua Qiang Wood Industrial Co., Ltd. ၏ ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း အတွက် IEE အစီရင်ခံစာ ရေးသားဆောင်ရွက်ရန် တတိယအဖွဲ့အစည်း တင်ပြချက်တွင် Myanwei Consulting Co., Ltd. မှ ယခင်အဖွဲ့ဝင် (၃) ဦးနှင့်အတူ အဖွဲ့ဝင်အသစ် (၈) ဦး စုစုပေါင်း ကျွမ်းကျင်ပညာရှင် (၁၁) ဦးဖြင့် ရေးဆွဲဆောင်ရွက်မည် ဖြစ်ပါကြောင်းနှင့် ကျွမ်းကျင်မှုနယ်ပယ်များမှာ Facilitation of meeting, Land Use, Legal Analysis, Occupational Safety and Health, Public Health, Risk Assessment and Hazardous Management, Geology and Soil, Socio- economy, Air Pollution Control, Industry Management, Water Pollution Control, Waste Management, Chemical Engineering Process Design, Economic and Mining, Noise and Vibration ဆိုင်ရာ နယ်ပယ်များဖြစ်ကြောင်း တင်ပြထားသော်လည်း ကျွမ်းကျင်မှုဆိုင်ရာ အထောက်အထားများနှင့် ပတ်သက်၍စိစစ်ရာတွင် အထောက်အထားမှတ်တမ်းများ ပြည့်စုံမှုမရှိပါသဖြင့် အောက်ဖော်ပြပါ အချက်များကို ထပ်မံဖြည့်စွက် ဖော်ပြပေးရန်လိုအပ်ပါကြောင်း စိစစ်တွေ့ရှိရပါသည်။

(က) U Lin Htet Sein ၏ တစ်ဦးချင်းအနေဖြင့် ကြားကာလအကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်ခြင်းထောက်အထားလက်မှတ် (TCR) တွင် Geology and Soil ဆိုင်ရာ နယ်ပယ်တစ်ခုသာရရှိထားကြောင်း စိစစ်တွေ့ရှိရပြီး ကျန်ကျွမ်းကျင်မှု နယ်ပယ်များဖြစ်သည့် Socio-economy, Air Pollution Control, Land Use တို့နှင့်ပတ်သက်၍ ကျွမ်းကျင်မှုဆိုင်ရာ အတွေ့အကြုံအထောက်အထားများ ပူးတွဲတင်ပြရန် လိုအပ်ပါကြောင်း၊

(ခ) U Nyan Lynn Aung သည် အဖွဲ့အစည်း TCR တွင်ပါဝင်သော်လည်း တစ်ဦးချင်း အနေဖြင့် TCR ရရှိထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပြီး Submission Form တွင် ကျွမ်းကျင်မှုနယ်ပယ်များအား ထည့်သွင်းဖော်ပြထားပါသဖြင့် အဆိုပါကျွမ်းကျင်မှု နယ်ပယ်များနှင့် ပတ်သက်၍ ကျွမ်းကျင်မှုဆိုင်ရာ အတွေ့အကြုံအထောက်အထားများ ပူးတွဲတင်ပြရန် လိုအပ်ပါကြောင်း၊

(ဂ) Dr Hein Lynn Aung ၏ ပညာအရည်အချင်း အထောက်အထားများ၊ ကျွမ်းကျင်မှုနယ်ပယ်ဆိုင်ရာ အထောက်အထားများ ပူးတွဲတင်ပြလာခြင်း မရှိကြောင်း စိစစ်တွေ့ရှိရပါသဖြင့် ပညာအရည်အချင်းအထောက်အထား များနှင့် ကျွမ်းကျင်မှုနယ်ပယ်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ အထောက် အထားတို့ကို သက်ဆိုင်ရာ အဖွဲ့အစည်း (သို့မဟုတ်) လူပုဂ္ဂိုလ်၏ ထောက်ခံ ချက်များဖြင့်ပူးတွဲတင်ပြရန် လိုအပ်ကြောင်း၊

(ဃ) Mrs. Khin Thuzar Myint ၏ ပညာအရည်အချင်းအထောက်အထားများနှင့် ကျွမ်းကျင်မှုနယ်ပယ်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံအထောက်အထားများကို စိစစ်ရာတွင် Water Pollution Contriol ဆိုင်ရာကျွမ်းကျင်မှုနယ်ပယ်နှင့် စပ်လျဉ်း၍ Water Treatment System Course (36 hours) သင်တန်းဆင်းအထောက်အထား ပူးတွဲဖော်ပြထားကြောင်း စိစစ်တွေ့ရှိရပြီး Waste Management ကျွမ်းကျင်မှုနယ်ပယ်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်မှု အထောက်အထားများပူးတွဲ ဖော်ပြထားခြင်းမရှိပါသောကြောင့် အဆိုပါ ကျွမ်းကျင်မှုနယ်နယ်နှင့် စပ်လျဉ်း၍ ထပ်မံဖြည့်စွက် တင်ပြရန်လိုအပ်ပါ ကြောင်း။

၄။ သို့ဖြစ်ပါ၍ Myanmar Hua Qiang Wood Industrial Co., Ltd. ၏ ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း အတွက် IEE အစီရင်ခံစာရေးသားဆောင်ရွက်မည့် တတိယအဖွဲ့အစည်း ဖြစ်သည့် Myanwei Consulting Co., Ltd. အား ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြ အတည်ပြုချက် ရယူနိုင်ရန် အတွက် ထပ်မံလိုအပ်သည့် အပိုဒ် (၃) ပါ အချက်များကို ပြည့်စုံစွာဖြည့်စွက်၍ ပြန်လည် တင်ပြရန် လိုအပ်ကြောင်း အကြောင်းကြားပါသည်။

၂၆.၄.၂၀၂၀

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(စိုးနိုင်၊ ညွှန်ကြားရေးမှူး)

မိတ္တူကို
ရုံးလက်ခံ၊ မျှောစာတွဲ

INVOICE

INVOICE NO:MHQWI022/2019


DATE :15/12/2019


TO,

FOSHAN LINK WIN SUPPLY CHAINS MANAGEMENT CO.,LTD
NO.107,LUZHOU INDUSTRIAL AREA (ZHONGLIAN RESTAURANT),
LECONG TOWN,SHUNDE ZONE,FOSHAN CITY,
GUANGDONG PROVINCE,CHINA.
TEL:0757 28971821, 13088833198

NO	DESCRIPTION OF GOODS (TxWxL)	CBM	UNIT PRICE USD	AMOUNT USD
	Processed Rubber Wood	CNF SHENDE NEW PORT		
1	23MM*45MM*250-1300MM	15.9142	220/CBM	3501.12
2	23MM*55-75MM*250-1300MM	162.5575	240/CBM	39013.80
	CNF SHENDE NEW PORT	178.4717		42514.92

COUNTRY OF ORIGIN : MYANMAR
MODE OF TRANSPORT : BY SEA
SHIPMENT : BETWEEN 3 MONTHS
DESTINATION : SHUNDE NEW PORT, CHINA
PAYMENT : NORMAL L/C (OR) T.T





SALES CONTRACT

Contract No.MHQWI022/2019

Signing Date: 15/12/2019

Buyer :FOSHAN LINK WIN SUPPLY CHAINS MANAGEMENT CO.,LTD

Add :NO.107,LUZHOU INDUSTRIAL AREA (ZHONGLIAN RESTAURANT),LECONG TOWN, SHUNDE ZONE,FOSHAN CITY,GUANGDONG PROVINCE,CHINA.

TEL :0757-28971821,18088833198

Seller : MYANMAR HUA QIANG WOOD INDUSTRIAL COMPANY LIMITED

Add : KYAE TAING PIN KWIN,OO PAING NO.838,KWIN NO.O.S.S(9)SAKHANNGYI VILLAGE GROUP,THANPHYUZAYAT,MON STATE,MYANMAR.

Item	Description	QTY (CBM)	KG	UNIT PRICE (USD)	TOTAL USD AMOUNT
	Processed Rubber Wood			CNF SHUNDE NEW PORT	
1	23MM*45MM*250-1300MM	15.9142	142500	220/CBM	3501.12
2	23MM*55-75MM*250-1300MM	162.5575		240/CBM	39013.80
Total		178.4717	142500		42514.92

PORT OF LOADING: YANGON, MYANMAR

PORT OF DISCHARGE:SHUNDE NEW PORT , CHINA

TIME DELIVERY: WITHIN 15 DAYS

PAYMENT TERM: By TT IN ADVANCE

ACCOUNT NAME: MYANMAR HUA QIANG WOOD INDUSTRIAL COMPANY LIMITED


ACCOUNT NO.: 20610920601945601

BANK NAME: KANBAWZA BANK

SWIFT CODE: KBZBMMMY


BANK ADD: NO(33),CORNER OF MERCHANT ROAD & BO SOON PET STREET PABEDAN TOWNSHIP, YANGON REGION ,MYANMAR.

Buyer



FOSHAN LINK WIN SUPPLY CHAINS MANAGEMENT CO.,LTD

Seller



MYANMAR HUA QIANG INDUSTRIAL CO.,LTD



中国农业银行

AGRICULTURAL BANK OF CHINA

境外汇款申请书

APPLICATION FOR FUNDS TRANSFERS (OVERSEAS)

致：中国农业银行 顺德分 行

TO: AGRICULTURAL BANK OF CHINA Shunde BRANCH

日期 Date: 2016年12月30日

☑ 电汇 T/T ☐ 票汇 D/D ☐ 信汇 M/T	发电等级 Priority ☑ 普通 Normal ☐ 加急 Urgent

申报号码 BOP Reporting No.	☐☐☐☐☐☐ ☐☐☐☐ ☐☐ ☐☐☐☐☐☐ ☐☐☐☐		
20 银行业务编号 Bank Transac. Ref. No.		收电行/付款行 Receiver/Drawn on	444800
32A 汇款币种及金额 Currency & Interbank Settlement Amount	USD 42514.92	金额大写 Amount in Words	美元肆万贰仟伍佰壹拾肆元玖角贰分
其中 现汇金额 Amount in FX	USD 42514.92	账号 Account No./Credit Card No.	444801140400002[illegible]
购汇金额 Amount of Purchase		账号 Account No./Credit Card No.	
其他金额 Amount of Others		账号 Account No./Credit Card No.	
50a 汇款人名称及地址 Remitter's Name & Address	[illegible] CO.,LTD [illegible] INDUSTRIAL [illegible] FOSHAN [illegible]		
☑ 对公 组织机构代码 Unit Code ☐☐☐☐☐☐☐☐-☐	☐ 对私	个人身份证件号码 Individual ID NO. ☐ 中国居民个人 Resident Individual ☐ 中国非居民个人 Non-Resident Individual	
54/56a 收款银行之代理行名称及地址 Correspondent of Beneficiary's Bank Name & Address			
57a 收款人开户银行名称及地址 Beneficiary's Bank Name & Address	收款人开户银行在其代理行账号 Bene's Bank A/C No. 20510920601945601		
59a 收款人名称及地址 Beneficiary's Name & Address	收款人账号 Bene's A/C No. [illegible] WOOD INDUSTRIAL COMPANY LIMITED NO.[illegible] KYAK TATHS [illegible] SARBANHYI, THANBYUZAYAT, MYANMAR		
70 汇款附言 Remittance Information	只限140个字位 Not Exceeding 140 Characters ADVANCE PAYMENT FOR GOODS	71A 国内外费用承担 All Bank's Charges If Any Are To Be Borne By	☐汇款人 OUR ☐收款人 BEN ☑共同 SHA
收款人常驻国家（地区）名称及代码 Resident Country/Region Name & Code			☐☐☐
请选择：☑ 预付货款 Advance Payment ☐ 货到付款 Payment Against Delivery ☐ 退款 Refund ☐ 其他 Others			
交易编码 BOP Transac. Code ☐☐☐☐☐☐	相应币种及金额 Currency & Amount USD42514.92	交易附言 Transac. Remark	[illegible]
本笔款项是否为保税货物项下付款 ☐是 ☑否	合同号 MMGW1022[illegible]	发票号 MMGW1022[illegible]	
外汇局批件号/备案表号/业务编号			

银行专用栏 For Bank Use Only		申请人签章 Applicant's Signature	银行签章 Bank's Signature
购汇汇率 Rate @	6.9[illegible]	请按照贵行背页所列条款代办以上汇款并进行申报 Please Effect The Upwards Remittance, Subject To The Conditions Overleaf:	
等值人民币 RMB Equivalent			
手续费 Commission	148.78		
电报费 Cable Charges	160		
合计 Total Charges	308.78		
支付费用方式 In Payment of the Remittance	☐ 现金 by Cash ☐ 支票 by Check ☑ 账户 from Account	申请人姓名 Name of Applicant 电话 Phone No.	核准人签字 Authorized Person 日期 Date
核印 Sig. Ver.	[signature]	经办 Maker [signature]	复核 Checker

请务必详细阅读背页条款及填写说明

Please read the conditions and instructions overleaf before filling in this application.

ပုံစံ (၁၀)

သုံးလပတ်လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ လ ၂၅ ရက်

အကြောင်းအရာ။ **သုံးလပတ်လုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာတင်ပြခြင်း ။**

၁။ ကျွန်တော် / ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ ၊ နည်းဥပဒေ ၁၉၇ အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်လျှက်ရှိသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း၏ သုံးလပတ်လုပ်ငန်း အစီရင်ခံစာကို တင်ပြအပ်ပါသည်။

၂။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံသူအမည် **ဒေါ်ဖြူဖြူဝင်း**

(ခ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ခွင့်ပြုမိန့်အမှတ် **မပန-၀၀၅/၂၀၁၈ (၂၅-၉-၂၀၁၈)**

၃။ ၂၀**၁၉** ခုနှစ်၊ **ဇူလိုင်** လမှ **စက်တင်ဘာလ** ထိ သုံးလအတွင်း **Myanmar Hua Qiang Wood Industrial Company Limited** ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုကို လိုအပ်သော အထောက်အထားများနှင့်အတူ ပူးတွဲတင်ပြအပ်ပါသည်။

ရင်းနှီးမြှုပ်နှံသူလက်မှတ် (signature)

အမည် Daw Phyu Phyu Win
Managing Director

ရာထူး Myanmar Hua Qiang Wood Industrial Co., Ltd.

ဌာန/ကုမ္ပဏီတံဆိပ်

MR - 1586
25 - 11 - 2019

၂၀၁၉-၂၀၂၀ခုနှစ်အတွင်း သုံးလပတ်လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေ အစီရင်ခံစာ

၂၀၁၉ ခုနှစ် ဇူလိုင်လမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ကုန်အထိ

လယ်ယာကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ စက်မှုကဏ္ဍ

အမှတ်စဉ်	အကြောင်းအရာ	မူလအဆိုပြုချက်အရ	လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေ
၁	လုပ်ငန်းအဖွဲ့အစည်းအမည်	မြန်မာဟွာချန်ဝုဒ်(ဒ်)အင်ဒက်စ်ထရီရယ်(လ်)ကုမ္ပဏီလီမိတက် Myanmar Hua Qiang Wood Industrial Co., Ltd	
၂	ခွင့်ပြုမိန့်/အတည်ပြုမိန့်အမှတ်နှင့် နေ့စွဲ	မပန-၀၀၅/၂၀၁၈(၂၅-၉-၂၀၁၈)	
၃	လုပ်ငန်းအမျိုးအစား	ရာဘာသစ်အသုံးပြု၍အထပ်သားလွှာနှင့်အချောသပ်အထပ်သားထုတ်လုပ်ခြင်းလုပ်ငန်း	
၄	ပဋိညာဉ်စာချုပ်များ လက်မှတ်ရေးထိုးသည့်နေ့စွဲ (က) ဖက်စပ်လုပ်ငန်းသဘောတူစာချုပ် (ခ) မြေငှားရမ်းမှုသဘောတူစာချုပ် (ဂ) BOT စာချုပ် (ဂ) အခြား	မရှိပါ	
၅	ကုမ္ပဏီဖွဲ့စည်းတည်ထောင်သည့်နေ့စွဲ/ ကုမ္ပဏီမှတ်ပုံတင်အမှတ်	၁၀၃၇၆၉၈၉၂(၃၁-၅-၂၀၁၈)	
၆	ကုမ္ပဏီတည်ရှိရာလိပ်စာ	ကွင်းအမှတ်-၈၃၈၊ကြေးတိုင်ပြင်ကွင်း၊ကွင်းအမှတ်-0.S.S.9၊ စခန်းကြီးကျေးရွာအုပ်စု၊သံဖြူဇရပ်မြို့နယ်၊မွန်ပြည်နယ်၊	
၇	စက်ရုံအလုပ်ရုံ/လုပ်ငန်းတည်ရှိရာ လိပ်စာ	ကွင်းအမှတ်-၈၃၈၊ကြေးတိုင်ပြင်ကွင်း၊ကွင်းအမှတ်-0.S.S.9၊ စခန်းကြီးကျေးရွာအုပ်စု၊သံဖြူဇရပ်မြို့နယ်၊မွန်ပြည်နယ်၊	
၈	သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းမှ ခွင့်ပြုမိန့် ရရှိသည့် နေ့စွဲ (က) ထသက (ခ) UMFCCI (ဂ) ရာဘာအသင်းဝင်	၅၃၆၅၄(၂၆-၁၀-၂၀၁၈) ၄၀၉၇၃(၂၅-၉-၂၀၁၈) ၁၅၆(၆-၉-၂၀၁၉)	
၉	မြေအသုံးချမှုပရီမီယံကြေး၊ နှစ်စဉ်မြေငှားရမ်းခ ပေးချေမှု စသည်တို့နှင့် ပေးချေမှုစနစ်၊ ပေးချေသည့် နေ့စွဲများ	မရှိပါ	
၁၀	လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံ၊ ဘဏ်အာမခံ ထုတ်ပေးသည့် ရက်စွဲနှင့် ငွေပြန်လည်ပေးဆပ်မှု	မရှိပါ	
၁၁	လုပ်ငန်းအကောင်အထည်ဖော်မှုအတွက် ဘဏ်အာမခံငွေ/အာမခံငွေပမာဏနှင့် ပေးသွင်းသည့် နေ့စွဲ	မရှိပါ	
၁၂	မြေပြုပြင်ခြင်း၊ စက်ရုံဆောက်လုပ်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ စက်စမ်းသပ်လည်ပတ်ခြင်း စတင်သည့်နေ့စွဲ	(၂၅-၉-၂၀၁၉)	
၁၃	ပဏာမ စုံစမ်းလေ့လာခြင်း၊ စက်ရုံ ဆောက်လုပ်		

အမှတ်စဉ်	အကြောင်းအရာ	မူလအဆိုပြုချက်အရ	လုပ်ငန်းအကောင်အထည်ဖော်မှုအခြေအနေ
	ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေ		
၁၄	လုပ်ငန်းစီးပွားဖြစ် စတင်သည့်နေ့စွဲ		
၁၅	အခြားဖော်ပြလိုသည့် အချက်အလက်များ		

မှတ်ချက်

- သက်ဆိုင်ရာဝန်ကြီးဌာနများမှ ထုတ်ပေးသော ခွင့်ပြုမိန့်များ
- အခြားလိုအပ်သောဆောင်ရွက်ခွင့်များ

လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူလအဆိုပြု တင်ပြချက်နှင့် လုပ်ငန်းအချိန်ကာလနှင့် လုပ်ငန်းစဉ်များ ပြောင်းလဲမှုရှိပါက ဖော်ပြပေးရန် ဖြစ်ပါသည်။

Daw Phyu Phyu Win
Managing Director
Myanmar Hua Qiang Wood Industrial Co., Ltd.

၂၀၁၉- ၂၀၂၀ ဘဏ္ဍာရေးနှစ်

(၂၀၁၉ ခုနှစ် ဇူလိုင် မှ ၂၀၁၉ခုနှစ် စက်တင်ဘာလ အထိ)

(တန်ဖိုးကျပ်သန်းပေါင်း)

စဉ်	အကြောင်းအရာ	မူလအဆိုပြုချက်				၂၀၁၉ခုနှစ် ဇူလိုင်လ မှ ၂၀၁၉ခုနှစ် စက်တင်ဘာလ အထိ				စုစုပေါ[illegible]ကျော်ပင်ပြီးမှ အခြေအနေ			
		ပြည်တွင်း (ကျပ်)	နိုင်ငံခြား ညီမျှသော (ကျပ်)	နိုင်ငံခြား အမေရိကန် ဒေါ်လာ	စုစုပေါင်း (ကျပ်)	ပြည်တွင်း (ကျပ်)	နိုင်ငံခြား ညီမျှသော (ကျပ်)	နိုင်ငံခြား အမေရိကန် ဒေါ်လာ	စုစုပေါင်း (ကျပ်)	ပြည်တွင်း (ကျပ်)	နိုင်ငံခြား ညီမျှသော (ကျပ်)	နိုင်ငံခြား အမေရိကန် ဒေါ်လာ	စုစုပေါင်း (ကျပ်)
၁	ငွေသား	၅၀.၀၀၀			၅၀.၀၀၀	၅၀.၀၀၀			၅၀.၀၀၀	၅၀.၀၀၀			၅၀.၀၀၀
၂	စက်နှင့်စက်ပစ္စည်းကိရိယာ		၁၁၈၄.၄၄၄	၈၇၇	၁၁၈၄.၄၄၄		၁၁၈၄.၄၄၄	၈၇၇	၁၁၈၄.၄၄၄		၁၁၈၄.၄၄၄	၈၇၇	၁၁၈၄.၄၄၄
၃	ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း												
၄	ယာဉ် / ယန္တယား												
၅	မြေ												
၆	အဆောက်အဦ												
၇	ပရိဘောဂနှင့် ရုံးသုံးပစ္စည်း	၆.၀၀၀			၆.၀၀၀	၆.၀၀၀			၆.၀၀၀	၆.၀၀၀			၆.၀၀၀
၈	အစုရှယ်ယာ၊စတော့(ခ်)၊ ဒီဘင်ချာများ												
၉	နည်းပညာကျွမ်းကျင်မှု၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်အပါအဝင် (အသိဥာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများ)												
၁၀	အခြား												
	စုစုပေါင်း	၅၆.၀၀၀	၁၁၈၄.၄၄၄		၁,၂၄၀.၂၄၄	၅၆.၀၀၀	၁၁၈၄.၄၄၄		၁,၂၄၀.၂၄၄	၅၆.၀၀၀	၁၁၈၄.၄၄၄		၁,၂၄၀.၂၄၄

၃။ ချေးငွေရယူခြင်း

(တန်ဖိုးထောင်ပေါင်း)

အမှတ်စဉ်		အကြောင်းအရာ	မူလအဆိုပြုချက်အရ ချေးငွေလိုအပ်ချက်	ချေးငွေရရှိမှု ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ၂၀၁၉ခုနှစ် စက်တင်ဘာလအထိ)	ချေးငွေပြန်လည်ပေးဆပ်မှု ၂၀၁၉ခုနှစ် စက်တင်ဘာလကုန်အထိ
၁		၂			
၁		ပြည်တွင်း			
	၁	ငွေရင်း			
	၂	အတိုး (နှုန်း)		-------------------------မရှိပါ-------------------------	
၂		နိုင်ငံခြား			
	၁	ငွေရင်း			
	၂	အတိုး(နှုန်း)			

မှတ်ချက်။ * ငွေသား သို့မဟုတ် စက်ပစ္စည်းများ အတွက် ဖြစ်ပါက ယင်း၏တန်ဖိုး။

၄။ ထုတ်လုပ်မှု

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၂၀-၁၉ ခုနှစ် ဇူလိုင်လမှ ၂၀-၁၉-ခုနှစ် စက်တင်ဘာလအထိ	
			အရေအတွက်	တန်ဖိုး
၁	ထုတ်လုပ်မှု		-	-
၂	ပြည်ပတင်ပို့မှု -စုစုပေါင်းတန်ဖိုး (FOB) (အမေရိကန်ဒေါ်လာဖြင့်) -CMP လက်ခရငွေ (အမေရိကန်ဒေါ်လာဖြင့်) မှတ်ချက်။ စက်ရုံတည်ဆောက်ရေးကာလဖြစ်ပါသဖြင့် ကုန်ထုတ်လုပ်မှုမရှိသေးပါ။		-	-

၃	ပြည်တွင်းရောင်းချမှု (အမေရိကန်ဒေါ်လာဖြင့်)		-	-
၄	ပြည်တွင်းရောင်းချမှု (ကျပ်ငွေဖြင့်)			

မှတ်ချက်။ ထုတ်လုပ်သည့်ကုန်ကြမ်းပစ္စည်းအမျိုးအစားအလိုက် ဖော်ပြပါရန်

၅။ ထုတ်လုပ်မှုစရိတ်

တန်ဖိုးထောင်ပေါင်း

အမှတ်စဉ်	အကြောင်းအရာ	၂၀၁၉ - ၂၀၂၀		၂၀၁၉ ခုနှစ် ဇူလိုင်လမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလကုန်အထိ	
		စုစုပေါင်း ကျပ်	အမေရိကန် ဒေါ်လာ	စုစု ပေါင်း ကျပ်	အမေရိကန် ဒေါ်လာ
၁	ကုန်ကြမ်းစရိတ်				
၂	တိုက်ရိုက်လုပ်အားခ				
၃	စီမံအုပ်ချုပ်မှု စရိတ်				
၄	စက်ရုံဝန်ဆောင်မှု စရိတ်				
၅	ဖြန့်ဖြူးစရိတ်				
၆	တန်ဖိုးလျော့	------------	------------ မရှိသေးပါ	------------	------------
၇	အတိုးစရိတ်				
၈	ကုန်သွယ်လုပ်ငန်းခွန်				
၉	ဝင်ငွေခွန်				
၁၀	အခြား				
	စုစုပေါင်း				

မှတ်ချက်။ *လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်သည့်အချက်များကို ဖြည့်စွက်ဖော်ပြရန်။

၆။ ဝန်ထမ်းခန့်ထားမှု

(ဦးရေ)

အမှတ်စဉ်	အကြောင်းအရာ	လစာနှုန်းထား	မူလအဆိုပြုချက်		ခန့်ထားပြီးဝန်ထမ်း (၂၀၁၉ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလကုန်အထိ)	
		ကျပ်(၀၀၀)	ပြည်တွင်း	ပြည်ပ	ပြည်တွင်း	ပြည်ပ
၁။	အကြီးတန်းစီမံခန့်ခွဲမှု (အဆင့်မြင့်အရာရှိများ၊ မန်နေဂျာများ)	၆၅၀	၁		၁	
၂။	အကြီးတန်းစီမံခန့်ခွဲမှုမှအပ အခြားအဆင့်စီမံခန့်ခွဲမှု	၆၀၀	၂	၂	၂	၂
၃။	သက်မွေးဝမ်းကျောင်းပညာရှင်များ	၂၅၀	၂၀	၇	၂၀	၇
၄။	နည်းပညာနှင့် ဆက်စပ်သည့် သက်မွေးပညာရှင်	၂၀၀	၇		၇	
၅။	အကြံပေး					
၆။	ကျွမ်းကျင်လုပ်သား	၁၇၀	၃၀		၃၀	
၇။	အခြေခံလုပ်သား	၁၆၀	၁၅		၁၅	
	စုစုပေါင်း		၇၅	၉	၇၅	၉

မှတ်ချက်။ စက်ရုံစက်စမ်းသက်လည်ပတ်ကာလဖြစ်ပါသဖြင့်ဝန်ထမ်းများအားခန့်အပ်ထားခြင်းဖြစ်ပါသည်။

၇။ ဘဏ္ဍာရေးအခြေအနေ (တန်ဖိုးထောင်ပေါင်း)

အမှတ်စဉ်		အကြောင်းအရာ	၂၀၁၉ -၂၀၂၀ခုနှစ် (၂၀၁၉ခုနှစ် ဇူလိုင်လမှ ၂၀၁၉ခုနှစ် စက်တင်ဘာလကုန်အထိ)	၂၀၁၉ခုနှစ် ဇူလိုင်လမှ ၂၀၁၉ခုနှစ်စက်တင်ဘာ လထိ	၂၀၁၉-၂၀၂၀ (ခန့်မှန်းခြေ)
၁		ဝင်ငွေ			
	၁	ကျပ်ငွေ			
	၂	အမေရိကန်ဒေါ်လာ နှင့် ညီမျှသော ကျပ်ငွေ			
၂		အသုံးစရိတ်			
	၁	ကျပ်ငွေ			
	၂	အမေရိကန်ဒေါ်လာ နှင့် ညီမျှသော ကျပ်ငွေ	----------စီးပွားရေးလုပ်ငန်းစတင်ခြင်းမရှိသေးပါ။-----------		
၃		အသားတင်အမြတ်			
	၁	ကျပ်ငွေ			
	၂	အမေရိကန်ဒေါ်လာ နှင့် ညီမျှသော ကျပ်ငွေ			
၄		ကုန်သွယ်လုပ်ငန်းခွန်			
	၁	ကျပ်ငွေ			
	၂	အမေရိကန်ဒေါ်လာ နှင့် ညီမျှသော ကျပ်ငွေ			
၅		ဝင်ငွေခွန်			
	၁	ကျပ်ငွေ			
	၂	အမေရိကန်ဒေါ်လာ နှင့် ညီမျှသော ကျပ်ငွေ			
၆		အသားတင်အမြတ်/အရှုံး (အခွန်ပေးဆောင်ပြီး)			
	၁	ကျပ်ငွေ			
	၂	အမေရိကန်ဒေါ်လာ နှင့် ညီမျှသော ကျပ်ငွေ			

Myanmar Hua Qiang Wood Industrial Co., Ltd.

Oo Paing No. (838), Kwin No. o.s.s (9), Kyae Taing Pyin Kwin, Sakhanngyi Village Group,

Thanphyuzayat Township, Mon State.



သို့

တာဝန်ခံ မန်နေဂျာ
နိုင်ငံခြားငွေလွှဲဌာန
ကမ္ဘောဇဘဏ်လီမိတက်

ရက်စွဲ။ ။ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်

အကြောင်းအရာ။ ။ <u>နိုင်ငံခြားမှလွှဲလာသော ငွေအား ထုတ်ယူခွင့်ပြုပါရန် ။</u>

တရုတ်နိုင်ငံမှ ကျွန်တော်/ကျွန်မ တို့၏ ကုမ္ပဏီဖြစ်သော Myanmar Hua Qiang Wood Industrial Co., Ltd. ၏ Account No. 20610920601945601 သို့ ရောက်ရှိလာသော အမေရိကန်ဒေါ်လာ 42514.92 အား ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။ ၄င်းငွေအား ကြိုတင်ငွေအကြေ ပေးအပ်ခြင်းဖြစ်ပါသည်။ ၄င်းငွေအား ED နှင့် Export Licence Original များထွက်ရှိလာပါက ကမ္ဘောဇဘဏ်သို့ တင်သွင်းပြသပါမည်။ ငွေအမောင့်အနည်းငယ်ကွာဟချက်မှာ ဘဏ်၏ငွေလွှဲပမာဏ ဖြစ်ပါသည်။

လေးစားစွာဖြင့်

Daw Phyu Phyu Win
Managing Director
Myanmar Hua Qiang Wood Industrial Co., Ltd.

4426.87

Myanmar Hua Qiang Wood Industrial Co., Ltd.

Oo Paing No. (838), Kwin No. o.s.s (9), Kyae Taing Pyin Kwin, Sakhanngyi Village Group,
Thanphyuzayat Township, Mon State.



သို့

တာဝန်ခံ မန်နေဂျာ
နိုင်ငံခြားငွေလွှဲဌာန
ကမ္ဘောဇဘဏ်လီမိတက်

ရက်စွဲ။ ။ ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်

အကြောင်းအရာ။ ။ **နိုင်ငံခြားမှလွှဲလာသော ငွေအား ထုတ်ယူခွင့်ပြုပါရန် ။**

တရုတ်နိုင်ငံမှ ကျွန်တော်/ကျွန်မ တို့၏ ကုမ္ပဏီဖြစ်သော Myanmar Hua Qiang Wood Industrial Co., Ltd. ၏ Account No. 20610920601945601 သို့ ရောက်ရှိလာသော အမေရိကန်ဒေါ်လာ 42514.92 အား ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားအပ်ပါသည်။ ၄င်းငွေအား ကြိုတင်ငွေအကြေ ပေးအပ်ခြင်းဖြစ်ပါသည်။ ၄င်းငွေအား ED နှင့် Export Licence Original များထွက်ရှိလာပါက ကမ္ဘောဇဘဏ်သို့ တင်သွင်းပြသပါမည်။ ငွေအမောင့်အနည်းငယ်ကွာဟချက်မှာ ဘဏ်၏ငွေလွှဲပမာဏ ဖြစ်ပါသည်။

လေးစားစွာဖြင့်

Daw Phyu Phyu Win
Managing Director
Myanmar Hua Qiang Wood Industrial Co., Ltd.

Myanmar Hua Qiang Wood Industrial Co.,Ltd.

Oo Paing No. (838), Kwin No. O.S.S(9), Kyae Taing Pyin Kwin, Sakhanngyi Village Group, Thanbyuzayat Township, Mon State.



ရက်စွဲ။ ။၁.၁.၂၀၁၉

အကြောင်းအရာ။ ။ Contract သဘောတူချုပ်ဆိုရန်။

ဒေါ်ဖြူဖြူဝင်းသည် စက်ရုံတွင် နိုင်ငံခြားသားအလုပ်ခန့်ထားပါ၍ ယင်းအလုပ်သမား အမည်မှာ Wang Wen Hua ဖြစ်ပါသည်။ Wang Wen Hua Passport No,သည် E-52558578 ဖြစ်ပါသည်။ Wang Wen Hua စက်ရုံတွင် ကြည့်ကြပ်ရေး ရာထူးဖြင့်အလုပ်လုပ်ကိုင်ပါ၍ စက်ရုံပိုင်ရှင်မှ တစ်လလျှင် USD 500 ဖြင့် စက်ရုံမှ အလုပ်ခန့် ထားအပ်ပါသည်။

လက်မှတ်

စက်ရုံပိုင်ရှင်

ဒေါ်ဖြူဖြူဝင်း

Daw Phyu Phyu Win
Managing Director
Myanmar Hua Qiang Wood Industrial Co., Ltd.

လက်မှတ်

စက်ရုံတာဝန်ခံ

ဦးမြင့်အေး

U Myint Aye
Director
Myanmar Hua Qiang Wood Industrial Co.,Ltd.

လက်မှတ်

Wang Wen Hua

Myanmar Hua Qiang Wood Industrial Co.,Ltd.

Oo Paing No. (838), Kwin No. O.S.S(9), Kyae Taing Pyin Kwin, Sakhanngyi Village Group,
Thanbyuzayat Township, Mon State.




ရက်စွဲ။ ။၁.၁.၂၀၁၉

အကြောင်းအရာ။ ။ Contract သဘောတူချုပ်ဆိုရန်။

ဒေါ်ဖြူဖြူဝင်းသည် စက်ရုံတွင် နိုင်ငံခြားသားအလုပ်ခန့်ထားပါ၍ ယင်အလုပ်သမား အမည်မှာ Li Shi Wen ဖြစ်ပါသည်။ Li Shi Wen Passport No,သည် E-78929976 ဖြစ်ပါသည်။ Li Shi Wen စက်ရုံတွင် Wood Quality Contorl ရာထူးဖြင့်အလုပ်လုပ်ကိုင်ပါ၍ စက်ရုံပိုင်ရှင်မှ တစ်လလျှင် USD 400 ဖြင့် စက်ရုံမှ အလုပ်ခန့် ထားအပ်ပါသည်။

လက်မှတ်	လက်မှတ်	လက်မှတ်
စက်ရုံပိုင်ရှင်	စက်ရုံတာဝန်ခံ	
ဒေါ်ဖြူဖြူဝင်း	ဦးမြင့်အေး	Li Shi Wen
Daw Phyu Phyu Win Managing Director Myanmar Hua Qiang Wood Industrial Co., Ltd.	*Myint Aye* *Director* *Myanmar Hua Qiang Wood Industrial Co.,Ltd.*	





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

တယ်လီဖုန်း-၀၁-၆၅၇၈၂၄ စာအမှတ် ၊ မရက- ၉ / မ-ထွေ/ ၂၀၂၀(၂၇၁၄)
ဖက်(စ်)-၀၁-၆၅၇၈၂၄ ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၃၀ ရက်

သို့

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

အကြောင်းအရာ။ **Myanmar Hua Qiang Wood Industrial Co., Ltd. မှ စီးပွားဖြစ်စတင်သည့်နေ့အား သတ်မှတ်ပေးပါရန်နှင့် ဝင်ငွေခွန်ကင်းလွတ်ခွင့် ခံစားခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ**

ရည်ညွှန်းချက် ။ Myanmar Hua Qiang Wood Industrial Co., Ltd. ၏ ၂၆-၄-၂၀၂၀ ရက်စွဲပါ

၁။ Myanmar Hua Qiang Wood Industrial Co., Ltd. သည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S.9)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၈၃၈) ရှိ မြေ ၁၀.၀၈ ဧကတွင် ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့် အချောသပ်အထပ်သားထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့ ရက်စွဲပါ အတည်ပြုမိန့်အမှတ်- မပန-၀၀၅/၂၀၁၈ ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။


၂။ ကုမ္ပဏီမှ စီးပွားဖြစ် စတင်သည့်နေ့အား သတ်မှတ်ပေးပါရန် နှင့် ဝင်ငွေခွန်ကင်းလွတ်ခွင့် ခံစားခွင့်ပြုပါရန် ရည်ညွှန်းပါစာဖြင့် တင်ပြလာခြင်းကိစ္စနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ကွင်းဆင်းစစ်ဆေး၍ ကော်မရှင်သို့ စိစစ်တင်ပြရန် အကြောင်းကြားပါသည်။


ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊ တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို

မွန်ပြည်နယ်ဦးစီးမှူးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရုံးလက်ခံ၊ မျှောစာတွဲ

Inspection rp





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ
အတည်ပြုမိန့်

အတည်ပြုမိန့်အမှတ် မပန- ၀၀၅/၂၀၁၈ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၅ ရက်

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၂၅ (ဃ) အရ ဤအတည်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) ရင်းနှီးမြှုပ်နှံသူအမည် ဒေါ်ဖြူဖြူဝင်း
(၂) နိုင်ငံသား မြန်မာ
(၃) နေရပ်လိပ်စာ အမှတ်(၇၈၈)၊ (၁၃)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
(၄) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ -
(၅) ဖွဲ့စည်းရာအရပ် -
(၆) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ်အထပ်သားထုတ်လုပ်ခြင်း လုပ်ငန်း
(၇) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ (များ) မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(O.S.S.9)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၈၃၈)ရှိ မြေ ၁၀.၀၈ ဧက
(၈) နိုင်ငံခြားမတည်ငွေရင်းပမာဏ -
(၉) နိုင်ငံခြားမတည်ငွေရင်း ယူဆောင်လာရမည့်ကာလ -
(၁၀) စုစုပေါင်းမတည်ငွေရင်းပမာဏ (ကျပ်) ကျပ် ၁၂၄၁.၂၄၄ သန်း (US$ ၈၇၇၃၆၆ အပါအဝင်)
(၁၁) တည်ဆောက်မှု/ပြင်ဆင်မှုကာလ ၂ နှစ်
(၁၂) အတည်ပြုမိန့်သက်တမ်း -
(၁၃) ရင်းနှီးမြှုပ်နှံမှုပုံစံ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု
(၁၄) မြန်မာနိုင်ငံတွင်ဖွဲ့စည်းမည့် ကုမ္ပဏီအမည် MYANMAR HUA QIANG WOOD INDUSTRIAL COMPANY LIMITED { မြန်မာ ဟွာချန်ဝု(ဒ်) အင်ဒက်စရီရယ်(လ်) ကုမ္ပဏီလီမိတက် }

ဥက္ကဋ္ဌ
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ
တတိယထပ်၊ မြို့နယ်စုပေါင်းရုံး၊ ရုံးကြီးလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့

တယ်လီဖုန်း - ၀၅၇-၂၀၂၃၃၉၅
ဖက်စ် - ၀၅၇-၂၀၂၃၃၈၅

စာအမှတ်၊ မရက/၁/နငသ/၂၀၁၈ (၀၄၅)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ၅ရက်

အကြောင်းအရာ။ **Myanmar Hua Qiang Wood Industrial Company Limited ၏ ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ် အထပ်သားထုတ်လုပ်ခြင်းလုပ်ငန်း အတည်ပြုမိန့်အပေါ် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီ ၏ ဆုံးဖြတ်ချက်**

ရည် ညွှန်း ချက်။ Myanmar Hua Qiang Wood Industrial Company Limited ၏ ၂၀၁၈ ခုနှစ် ဇွန် လ ၁၉ ရက် နေ့စွဲပါတင်ပြစာ

၁။ Myanmar Hua Qiang Wood Industrial Company Limited မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(O.S.S.9)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၈၃၈)ရှိ မြေ ၁၀.၀၈ ဧက တွင် ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာတင်ပြလာခြင်းအပေါ် ၂၀၁၈ ခုနှစ် စက်တင်ဘာ လ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ၏ (၄/၂၀၁၈) ကြိမ်မြောက်အစည်းအဝေး၌ တင်ပြခဲ့ရာခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါဆုံးဖြတ်ချက်အရ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်နည်းဥပဒေများကိုကျင့်သုံးလျက် Myanmar Hua Qiang Wood Industrial Company Limited အား ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် အတည်ပြုမိန့်အမှတ် ၊ မပန-၀၀၅/၂၀၁၈ ကို ထုတ်ပေးလိုက်သည်။

၂။ Myanmar Hua Qiang Wood Industrial Company Limited အနေဖြင့် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) Myanmar Hua Qiang Wood Industrial Company Limited အနေဖြင့် ဤအတည်ပြုမိန့်အရ ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ် အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၇၅၊ ၇၇၊ ၇၈ အရ ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များကို ပြဋ္ဌာန်းထားသည့် အချက်များနှင့်အညီ ခံစားခွင့် ပြုနိုင်ရန် လျှောက်ထားနိုင်သည်။

(ခ) Myanmar Hua Qiang Wood Industrial Company Limited သည် ဤအတည်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် **ထုတ်လုပ်မှုရည်မှန်းချက်များကိုအနိမ့်ဆုံးရည်မှန်းချက်များ** အဖြစ် ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

(ဂ) Myanmar Hua Qiang Wood Industrial Company Limited အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅ နှင့် နည်းဥပဒေ အခန်း(၂၀) တို့တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ၏တာဝန်ဝတ္တရားများနှင့်အညီလိုက်နာ ဆောင်ရွက်ရမည်။

(ဃ) Myanmar Hua Qiang Wood Industrial Company Limited သည် အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထုတ်ပြန်ထားပြီး ဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(င) Myanmar Hua Qiang Wood Industrial Company Limited သည် ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်းသက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်းနှင့်လုပ်ငန်း လွှဲပြောင်းခြင်းတို့ကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၇၂ နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြရမည်။

(စ) Myanmar Hua Qiang Wood Industrial Company Limited သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၁၉၆ အရနှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး နောက်သုံးလအတွင်း နှစ်စဉ်အစီရင်ခံစာအား သတ်မှတ်ပုံစံဖြင့် ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင်ရုံး၏ ဝက် (ဘ်)ဆိုဒ်သို့ တင်ပြရမည်။

(ဆ) Myanmar Hua Qiang Wood Industrial Company Limited သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၇ အရ လုပ်ငန်းဆောင်ရွက်နေစဉ် အတွင်း လုပ်ငန်း အစီရင်ခံစာကို သုံးလလျှင်တစ်ကြိမ် ကော်မရှင်က သတ်မှတ် တောင်းခံသည့် ပုံစံဖြင့် တင်ပြရမည်။

၃။ Myanmar Hua Qiang Wood Industrial Company Limited သည် အဆိုပြုလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းသဘာဝအရဖြစ်စေ၊ အခြားလိုအပ်ချက် အရ ဖြစ်စေ၊ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ရယူရန်လိုအပ်လျှင်ဖြစ်စေ၊ သက်ဆိုင်ရာဌာနနှင့် မြေငှားရမ်းခြင်း စာချုပ် ချုပ်ဆိုသည်ဖြစ်စေ၊ မှတ်ပုံတင်ရန်လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာ ဌာန၏ သတ်မှတ်ချက်များနှင့် အညီဆောင်ရွက်ပြီး မိတ္တူ(၅)စုံစီအား ကော်မတီသို့ ပေးပို့ရမည်။

(ဒေါက်တာအေးဇံ)

ဥက္ကဋ္ဌ

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

ဖြန့်ဝေခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထဲရေးဝန်ကြီးဌာန

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

စက်မှုဝန်ကြီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့

ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
Myanmar Hua Qiang Wood Industrial Company Limited

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ငွေလက်ခံရန်အကြောင်းကြားစာ

အမှတ်စဉ်

ရက်စွဲ၊ ၂၀၁၇ခုနှစ်၊ ၉ လ ၂၀ ရက်

အောက်ဖော်ပြပါ လျှောက်ထားသူထံမှ သက်ဆိုင်ရာလျှောက်ထားလွှာအတွက် ဖော်ပြပါ ဝန်ဆောင်ခအား လက်ခံပါရန်နှင့် ငွေရပြေစာမိတ္တူတစ်စောင်ကို ဌာနခွဲသို့ ပေးပို့ပေးပါရန် အကြောင်း ကြားအပ်ပါသည်-

၁။ **လျှောက်ထားသူ၏ -**

(က) အမည် ဒေါ်မြူမြူဝင်း

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ၁၂/မဂဒ(နိုင်)၀၈၁၄၅၈

(ဂ) နေရပ်လိပ်စာ/ တယ်လီဖုန်း အမှတ် ၅၈၈၊ ၁၃လမ်း၊ ၆ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ **ရင်းနှီးမြှုပ်နှံသူ၏ -**

(က) အမည် ဒေါ်မြူမြူဝင်း

(ခ) ကုမ္ပဏီအမည် Myanmar HUA QIANG WOOD Industrial Co.,ltd

(ဂ) လုပ်ငန်းအမျိုးအစား ရာဘာသစ်အသုံးပြု၍ အထပ်သား ပြား နှင့် အချောသပ် အထပ်သား ထုတ်လုပ်ခြင်း လုပ်ငန်း

၃။ ပေးသွင်းမည့်ဝန်ဆောင်ခနှင့်စပ်လျဉ်း၍-

(က) လျှောက်ထားလွှာ ပုံစံအမှတ် အထည်မြို့လျှောက်ထားလွှာ ၅ - ခ

(ခ) ဝန်ဆောင်ခနှုန်းထား(ဂဏန်းဖြင့်) ကျပ် ၅၀၀၀၀

(စာဖြင့်) ကျပ် ငါးသောင်းကျပ်


(ဂ) ငွေအမျိုးအစား

၅၀၀၀ / ၁၀ ရွက် ၅၀,၀၀၀

(ရင်းနှီးမြှုပ်နှံမှုဌာနစု)

၅၀,၀၀၀ ကျပ် (ငါးသောင်းတိတိ ကျပ် တိတိ)ကို လက်ခံရရှိပါသည်။

ငွေစာရင်းဌာနစု
(မင်းသိန်းဦး)
လက်ထောက်ညွှန်ကြားရေးမှူး
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
[illegible] ဦးစီးမှူးရုံး၊ မှန်ပြည်နယ်




ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

တတိယထပ်၊ မြို့နယ်စုပေါင်းရုံး၊ ရုံးကြီးလမ်း၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့



စာအမှတ်၊ မရက / ၁ / နသေ /၂၀၁၈ (၆၃၉)

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ ၄ ရက်

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **Myanmar Hua Qiang Wood Industrial Co.,Ltd. မှ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်အသုံးပြုပြီး အထပ်သားလွှာနှင့်အချောသပ်အထပ်သား ထုတ်လုပ်၍ ပြည်ပသို့ရာနှုန်းပြည့်တင်ပို့သည့် လုပ်ငန်း ဆောင် ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်း ကိစ္စ**

၁။ **Myanmar Hua Qiang Wood Industrial Co.,Ltd.** မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် O.S.S.9၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၈၃၈)ရှိ မြေ ၁၀.၀၈ ဧက တွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်အသုံးပြုပြီး အထပ်သားလွှာနှင့်အချောသပ်အထပ်သားထုတ်လုပ်၍ ပြည်ပသို့ရာနှုန်းပြည့်တင်ပို့သည့်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုလျှောက်ထားလွှာ တင်ပြလာပါသည်။

၂။ **Myanmar Hua Qiang Wood Industrial Co.,Ltd.** သည် ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၁၂၈/၂၀၁၈-၂၀၁၉ (ရက) ဖြင့် ၃၀-၅-၂၀၁၈ ရက်နေ့တွင် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ပါသည်။

၃။ **Myanmar Hua Qiang Wood Industrial Co.,Ltd.** ၏ ငွေကြေးပိုင်ဆိုင်မှု အထောက်အထားအဖြစ် ရောဝတီဘဏ်တွင် ကျပ် ၁၉၆.၀၈၅ သန်း ကျန်ရှိကြောင်း ၁၂-၆-၂၀၁၈ ရက်နေ့အထိ Bank Statement တင်ပြထားပါသည်။

၄။ လုပ်ငန်းဆောင်ရွက်မည့် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် O.S.S.9၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၈၃၈)ရှိ မြေ ၁၀.၀၈ ဧကသည် ရာဘာခြံမြေအမျိုးအစားဖြစ်ကာ မူလမြေပိုင်ရှင် ဦးထွန်းတင်ထံမှ ဒေါ်ဖြူဖြူဝင်း၊ မန်နေဂျင်းဒါရိုက်တာ၊ Myanmar Hua Qiang Wood Industrial Co.,Ltd. က အထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် မြေအသုံးပြုခွင့်လွှဲပြောင်းရရှိဆောင်ရွက်ခြင်းဖြစ်ပြီး ဒေါ်ဖြူဖြူဝင်း အမည်ဖြင့် လယ်ယာမြေ အခြားနည်းသုံးစွဲခွင့် ရရှိထားကြောင်း တွေ့ရှိရပါသည်။

၅။ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ်သန်း ၁၂၄၁.၂၄၄ (USD ၈၇၇၃၆၆ အပါအဝင်) ဖြစ်ပြီး အောက်ပါအတိုင်းဖော်ပြထားပါသည်-

(က)	ငွေသား	-	၅၀၀၀၀	(၀၀၀)
(ခ)	စက်ပစ္စည်း (ပြည်ပဝယ်)	-	၁၁၈၄၄၄၄	(၀၀၀) (USD 877366)
(ဂ)	ရုံးသုံးပရိဘောဂ (ပြည်တွင်းဝယ်)	-	၆၈၀၀	(၀၀၀)
	စုစုပေါင်း	-	**၁၂၄၁၂၄၄**	**(၀၀၀)** (USD 877366 အပါအဝင်)

၆။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသက်တမ်းမှာ (၆၀)နှစ်ဖြစ်ပြီး လုပ်ငန်းတည်ဆောက်ရေးကာလမှာ ၂ နှစ် ဖြစ်ပါသည်။

၇။ စီးပွားရေးဆိုင်ရာတွက်ချက်မှုများအရ နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(ဆဌမနှစ်)

(က)	ကုမ္ပဏီ၏ဝင်ငွေ	-	USD 1521847
(ခ)	ကုမ္ပဏီ၏ အသုံးစရိတ်	-	USD 684248
(ဂ)	ကုမ္ပဏီ၏ အသားတင်အမြတ်	-	USD 628200
(ဃ)	နိုင်ငံတော်မှရရှိမည့် ဝင်ငွေခွန်	-	USD 209400
(င)	လူမှုရေးဆိုင်တာဝန်ယူမှု (CSR)	-	နှစ်စဉ်အမြတ်အပေါ် ၂% (တစ်နှစ် ၁၂၅၆၄ USD)

၈။ ထုတ်လုပ်မှုပမာဏမှာ လစဉ် အထပ်သားလွှာ ၄၀၀ တန်၊ အချောသပ်အထပ်သား လစဉ် ၄၀၀ တန် ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့မည်ဖြစ်ပါသည်။ တရုတ်နိုင်ငံရှိ Jin Qiu IND Co.,Ltd. နှင့် ပြုလုပ်မည့် CMP Contract မူကြမ်း တင်ပြထားပါသည်။

၉။ လုပ်ငန်းကြောင့် ဒေသခံ ပြည်တွင်းဝန်ထမ်း (၁၁၀)ဦး အလုပ်အကိုင်ရရှိမည်ဖြစ်ပါသည်။ ပြည်ပပညာရှင် (၉)ဦးခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းဝန်ထမ်းများ၏ အမြင့်ဆုံးလစာသတ်မှတ်ချက် (၆၅၀၀၀၀ိ/)ဖြစ်ပြီး အနိမ့်ဆုံးလစာသတ်မှတ်ချက် (၁၆၀၀၀၀ိ)ဖြစ်ပါသည်။ ပြည်ပပညာရှင်များအတွက် အမြင့်ဆုံးလစာသတ်မှတ်ချက်မှာ (၁၀၀၀၀၀၀ိ) ဖြစ်ပြီး အနိမ့်ဆုံးလစာ သတ်မှတ်ချက်မှာ (၇၅၀၀၀၀ိ) ဖြစ်ပါသည်။ အခွန်ဥပဒေနှင့်အညီ ဝန်ထမ်းများ၏ လစာမှ ဝင်ငွေခွန်ကို ကုမ္ပဏီမှ တာဝန်ယူ ကောက်ခံပေးသွင်းသွားမည်ဖြစ်ကြောင်း ကတိဝန်ခံချက်နှင့် ပြည်တွင်းဝန်ထမ်းများအတွက် အနိမ့်ဆုံးလုပ်ခလစာဥပဒေသတ်မှတ်ချက်နှင့်အညီ သတ်မှတ်ကျခံချီးမြှင့်ပေးမည်ဖြစ်ကြောင်း ကတိဝန်ခံချက်ဖော်ပြပါရှိပါသည်။

၁၀။ လုပ်ငန်းအတွက် နှစ်စဉ်လျှပ်စစ်ဓါတ်အားလိုအပ်ချက်မှာ ၁၀၀၀ MW ဖြစ်ပြီး 1000 KVA ထရန်စဖော်မာတစ်လုံး တပ်ဆင်ဆောင်ရွက်မည်ဖြစ်ကာ 800 KVA GENERATOR (၂)လုံး 600 KVA GENERATOR (1)လုံး အသုံးပြုမည်ဖြစ်ပါသည်။

၁၁။ လုပ်ငန်းအတွက် စက်သုံးဆီလိုအပ်ချက်မှာ တစ်လ ဒီဇယ်(၆၀၀၀)ဂါလန်ဖြစ်ပြီး လုပ်ငန်းသုံးနှင့်မီးဘေးကာကွယ်ရေးအတွက် အဝီစိတွင်း (၁)တွင်း တူးဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ စက်ရုံအဆောက်အဦပုံစံ၊ ထုတ်လုပ်မည့်နည်းစနစ်၊ မီးဘေးစီမံချက်နှင့် ဝန်ထမ်းသက်သာချောင်ချိရေးအစီအစဉ်များ တင်ပြထားပါသည်။

၁၂။ လုပ်ငန်းဆောင်ရွက်ရန် အတည်ပြုမိန့်ရရှိပါက သက်ဆိုင်ဌာနများ၏ လမ်းညွှန်ချက်များ၊ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိဝန်ခံချက်ဖော်ပြပါရှိပါသည်။

၁၃။ အတည်ပြုမိန့်ရရှိပြီးပါက သစ်စက် (Saw Mill) လိုင်စင်ရရှိရေး သက်ဆိုင်ရာဌာနသို့ လျှောက်ထားတင်ပြမည်ဖြစ်ကြောင်း ကတိဝန်ခံချက်ပါရှိပါသည်။

၁၄။ လုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ အောက်ပါအတိုင်း သဘောထားပြန်ကြားထားပါသည် -

(က) **မွန်ပြည်နယ်သစ်တောဦးစီးဌာနမှ** Myanmar Hua Qiang Wood Industrial Co.,Ltd. သည် သစ်တောဦးစီးဌာန (ရုံးချုပ်)တွင်လည်းကောင်း၊ မွန်ပြည်နယ်သစ်တောဦးစီးဌာနတွင်လည်းကောင်း သစ်တောဥပဒေပုဒ်မ ၃၀၊ နည်းဥပဒေ ၈၉(က)အရ ရာဘာသစ်အခြေခံ အချောထည်စက်ရုံ လျှောက်ထားမှုမရှိသေးပါကြောင်း ပြန်ကြားထားပါသည်။ (နောက်ဆက်တွဲ-က)

(ခ) **မွန်ပြည်နယ်လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ** အဆိုပါလုပ်ငန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားပြန်ကြားထားပါသည်။ (နောက်ဆက်တွဲ-ခ)

(ဂ) **မွန်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန** က အောက်ပါအချက်များအား လိုက်နာဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိကြောင်း သဘောထားပြန်ကြားထားပါသည် - (နောက်ဆက်တွဲ-ဂ)

(၁) ပတ်ဝန်းကျင်ရှိပြည်သူများ၏ ကျန်းမာရေးထိခိုက်မှုမရှိစေရေးဆောင်ရွက်ရန်၊

(၂) မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာဌာနစိစစ်ချက်ဖြင့် စနစ်တကျဆောင်ရွက်ရန်၊

(၃) ပတ်ဝန်းကျင်အနှောင့်အယှက်မဖြစ်ရေးနှင့်ညစ်ညမ်းမှုမရှိရေးဆောင်ရွက်ရန်၊

(၄) စက်ရုံတွင်တာဝန်ထမ်းဆောင်နေသော အလုပ်သမားများ၏ကျန်းမာရေး မထိခိုက်ရေး နှင့်အန္တရာယ်ကျရောက်မှုမရှိရေးဆောင်ရွက်ရန်၊

(၅) တည်ဆဲဥပဒေများအား လိုက်နာဆောင်ရွက်ရန်၊

(ဃ) **မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန** က အဆိုပါလုပ်ငန်းနှင့် ပတ်သက်ပြီး IEE, EMP ရေးဆွဲတင်ပြရန်၊ ဓာတုပစ္စည်းများစနစ်တကျ သိုလှောင်ထိန်း

သိမ်းခြင်း၊ စွန့်ပစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြန်လည်ကုစားရေး အတွက် အစားထိုးရာဘာစိုက်ခင်းများ ပြန်လည်တည်ထောင်ခြင်းများ ဆောင်ရွက်သွားရန်၊ မီးဘေးစီမံချက်များရေးဆွဲပြီးလေ့ကျင့်မှုများလုပ်ဆောင်ရန်နှင့် CSR (2%) ဆောင်ရွက်ရန်သဘောထားပြန်ကြားထားပါသည်။ (နောက်ဆက်တွဲ-ဃ)

(င) **မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး** က Myanmar Hua Qiang Wood Industrial Co.,Ltd. ၏ ရာဘာသစ်အသုံးပြုပြီး အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်၍ ပြည်ပသို့ ရာနှုန်းပြည့်တင်ပို့သည့်လုပ်ငန်းနှင့်ပတ်သက်၍ (၁၅-၈-၂၀၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မွန်ပြည်နယ်အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၃၁/၂၀၁၈)၊ ဆုံးဖြတ်ချက်အပိုဒ် (၃၆)အရ ကန့်ကွက်ရန်မရှိကြောင်း သဘောထားပြန်ကြားလာပါသည်။ (နောက်ဆက်တွဲ-င)

၁၅။ အဆိုပါလုပ်ငန်းနှင့်ပတ်သက်ပြီး အောက်ပါအတိုင်းစိစစ်တင်ပြအပ်ပါသည် -

(က) Myanmar Hua Qiang Wood Industrial Co.,Ltd. ၏ ရာဘာသစ်အသုံးပြုပြီး အထပ်သားလွှာနှင့် အချောသပ်အထပ်သားထုတ်လုပ်၍ ပြည်ပသို့ ရာနှုန်းပြည့်တင်ပို့သည့်လုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုကော်မရှင်မှ တားမြစ်/ကန့်သတ်ထားသည့်လုပ်ငန်းများတွင်မပါဝင်ခြင်း၊ အစိုးရပိုင်မြေ/အဆောက်အဦအား အသုံးပြုထားမှုမရှိခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူလူထုအား ကြီးမားသော သက်ရောက်မှုဖြစ်ပေါ်နိုင်သည့် လုပ်ငန်းမဟုတ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ကျပ်သန်း ၆၀၀၀ အောက်တွင်ရှိခြင်းများကြောင့် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ဆုံးဖြတ်နိုင်ပြီး အတည်ပြုမိန့် ထုတ်ပေးနိုင်သော လုပ်ငန်းဖြစ်ပါသည်။

(ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၇ အရ အတည်ပြုမိန့်ရရှိရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုလျှောက်လွှာတင်ပြလာခြင်းဖြစ်ပါသည်။

(ဂ) အဆိုပြုလုပ်ငန်းသည် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၇၊ အပိုဒ် (၁)(ဃ)၊ အမှတ်စဉ် (၃၁)အရ ဦးစားပေးမြှင့်တင်မည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင်ပါဝင်ပါသည်။ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မည့် မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၇ အရ ဇုန် (၂)တွင်ပါဝင်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ၇၅ (က)(ဂ) အရ ဝင်ငွေခွန်ကင်းလွတ်ခွင့် (၅)နှစ် ခွင့်ပြုနိုင်သောလုပ်ငန်းဖြစ်ပါသည်။

(ဃ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ၇၇ (က) အရ လုပ်ငန်းတည်ဆောက်မှုကာလအတွင်း လုပ်ငန်းလိုအပ်ချက်အရ တင်သွင်းသော စက်ပစ္စည်းများ၊ တည်ဆောက်ရေးပစ္စည်းများနှင့်လုပ်ငန်းသုံးပစ္စည်းများ တင်သွင်းရာတွင်လည်းကောင်း၊ ပြည်ပသို့ ရာနှုန်းပြည့်တင်ပို့သည့်လုပ်ငန်းဖြစ်၍ မြန်မာနိုင်ငံရင်းနှီး မြှုပ်နှံမှုဥပဒေပုဒ်မ၇၇ (ခ) အရ ကုန်ကြမ်းတင်သွင်းရာတွင်လည်းကောင်း အကောက်ခွန်ကင်းလွတ်ခွင့်/သက်သာခွင့်များ ရရှိခံစားနိုင်သည့်လုပ်ငန်းဖြစ်ပါသည်။

(င) အတည်ပြုမိန့်ရရှိပါက ကုမ္ပဏီအနေဖြင့် သက်ဆိုင်ဌာနများ၏ လမ်းညွှန်ချက်များ၊ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိဝန်ခံမှုပြုထားပါသည်။

(စ) အဆိုပြုလုပ်ငန်းသည် ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ပြီး ရာနှုန်းပြည့်ပြည်ပ ပို့ကုန်လုပ်ငန်းဖြစ်၍ နိုင်ငံခြားဝင်ငွေရရှိနိုင်မည့် လုပ်ငန်းဖြစ်ပါသည်။

(ဆ) နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂% ကို လူမှုရေးဆိုင်ရာတာဝန်ယူမှု (Corporate Social Responsibility-CSR)အဖြစ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် တစ်ဖက်တစ်လမ်းမှ ဆောင်ရွက်သွားစေနိုင်မည်ဖြစ်ပါကြောင်း စိစစ်တင်ပြအပ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၆။ **Myanmar Hua Qiang Wood Industrial Co.,Ltd.** မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် O.S.S.9၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၈၃၈)ရှိ မြေ ၁၀.၀၈ ဧက တွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် **ရာဘာသစ်အသုံးပြုပြီး အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်၍ ပြည်ပသို့ရာနှုန်းပြည့်တင်ပို့သည့်လုပ်ငန်း**ဆောင်ရွက်ခွင့်ပြုပါရန်မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်း အပေါ် **အတည်ပြုမိန့်** ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ (ကိုယ်စား)
(မြင့်လွင်၊ အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ

နောက်ဆက်တွဲ (က)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောဦးစီးဌာန
ညွှန်ကြားရေးမှူးရုံး၊ မွန်ပြည်နယ်

စာအမှတ်၊ ၇၅၀၁ - ၀၃ /၁၈(၈)၁
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်

သို့

ဥက္ကဋ္ဌ
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
တတိယထပ်၊ မြို့နယ်စုပေါင်းရုံး၊ ရုံးကြီးလမ်း
ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့၏ ၁၀.၇.၂၀၁၈ ရက်စွဲပါစာအမှတ်၊ မရက/၂/နသ/၂၀၁၈(၀၂၈)


၁။ Myanmar Hua Qiang Wood Industrial Co.,Ltd မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ခနဲကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(O.S.S.9)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၈၃၈)ရှိမြေဧရိယာ ၁၀.၀၈ ဧကတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်အသုံးပြု၍ CMP စနစ်ဖြင့် အထပ်သားလွှာနှင့် အချောသပ်အထပ်သားထုတ်လုပ်ပြီး ပြည်ပသို့ ရာနှုန်းပြည့် တင်ပို့ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီအတည်ပြုလျှောက်ထားလွှာတင်ပြလာပါသဖြင့် သက်ဆိုင်ရာဌာနများ၏ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့် ညှိနှိုင်းစိစစ်၍ သဘောထားမှတ်ချက်အား ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့နောက်ဆုံးထားပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ သို့ဖြစ်ပါ၍ Myanmar Hua Qiang Wood Industrial Co.,Ltd အနေဖြင့် ဦးစီးရုံးချုပ်၊ သစ်တောဦးစီးဌာနတွင်လည်းကောင်း၊ မွန်ပြည်နယ်၊ သစ်တောဦးစီးဌာနတွင်လည်းကောင်း သစ်တောဥပဒေပုဒ်မ-၃၀၊ နည်းဥပဒေ-၈၉(က)အရ ရာဘာသစ်အခြေခံ အချောထည်စက်ရုံလျှောက်ထားမှု မရှိသေးပါကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

12/7/18
(မင်းသိန်းမြင့်)
ညွှန်ကြားရေးမှူး

မိတ္တူကို
လက်ထောက်ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန၊ မော်လမြိုင်-သထုံခရိုင်
မြို့နယ်ဦးစီးဌာနမှူး၊ သစ်တောဦးစီးဌာန၊ သံဖြူဇရပ်မြို့နယ်
မျှောစာတွဲ
ရုံးလက်ခံ

နောက်ဆက်တွဲ (ခ)



လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
မွန်ပြည်နယ် - မော်လမြိုင်မြို့
စာအမှတ်၊ နသဌ၀ / ၄အ-၂လ (မပ)/ ၂၀၁၈
ရက်စွဲ ၊ ၂၀၁၈ခုနှစ်၊ ဇူလိုင်လ(၁၃)ရက်

သို့

ဥက္ကဋ္ဌ
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

အကြောင်းအရာ။ သဘောထားမှတ်ချက်ပြန်ကြားခြင်း

ရည် ညွှန်း ချက်။ ဥက္ကဋ္ဌ၊ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ၏(၁၀.၇.၂၀၁၈)ရက်စွဲပါစာ အမှတ်၊ မရက/၂/နသ/၂၀၁၈(၀၂၈)

၁။ အထက်ရည်ညွှန်းပါစာအရ ဥက္ကဋ္ဌ၊မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၏ သဘောထားမှတ်ချက်တောင်းခံလာပါသည်။

၂။ Myanmar Hua Qiang Wood Industrial Co.,Ltd မှ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်(O.S.S.9) ၊ ကြေးတိုင်ပြင်ကွင်း ၊ ဦးပိုင်အမှတ် (၈၃၈)ရှိ မြေဧရိယာ(၁၀.၀၈)ဧကတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ် အသုံးပြု၍ CMP စနစ်ဖြင့် အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်ပြီး ပြည်ပသို့ ရာနှုန်းပြည့်တင်ပို့ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်၊ ရင်းနှီးမြှုပ်နှံမှု ကော်မတီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အတည်ပြုလျှောက်ထားလွှာ တင်ပြလာပါသည်။

၃။ သို့ဖြစ်ပါ၍ Myanmar Hua Qiang Wood Industrial Co.,Ltd ဆောင်ရွက်မည့်လုပ်ငန်းအား မွန်ပြည်နယ်၊ လျှပ်စစ်အင်ဂျင်နီယာရုံးအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း အကြောင်းပြန်ကြားအပ်ပါသည်။

(သက်ပိုင်မျိုး)
ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ

မိတ္တူကို

၁။ ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့
၂။ ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်၊စည်ပင်သာယာရေးအဖွဲ့၊ မော်လမြိုင်မြို့
၃။ ပြည်နယ်ဦးစီးဌာနမှူး၊ မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မော်လမြိုင်မြို့
၄။ ရုံးလက်ခံ

ပြည် နယ် ဦး စီး ဌာ န မှူး ရုံး
မွန် ပြည် နယ် စက် မှု ကြီး ကြပ် ရေး နှင့်
စစ် ဆေး ရေး ဦး စီး ဌာ န ၊ မော် လ မြိုင်မြို့

စာအမှတ်၊ ၁၅၁၅(၁-က)မပ-ဖွံ့ဖြိုး/၂၀၁၈(၂၃၈၄)
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်

သို့

မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
မော်လမြိုင်မြို့

အကြောင်းအရာ။ သဘောထားမှတ်ချက်ပြန်ကြားခြင်း

ရည် ညွှန်း ချက် ။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၀.၇.၂၀၁၈) ရက်စွဲပါ စာအမှတ်၊ မရက/၂/နငသ /၂၀၁၈ (၀၂၈)

၁။ Myanmar Hua Qiang Wood Industrial Co.,Ltd သည်မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S.9) ၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (၈၃၈) ရှိ မြေဧရိယာ (၁၀.၀၈) ဧကတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်အသုံးပြု၍ CMP စနစ်ဖြင့် အထပ်သားလွှာ နှင့် အချောသား အထပ်သားထုတ်လုပ်ပြီးပြည်ပသို့ ရာနှုန်းပြည့်တင်ပို့ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြု ပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြ လာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့်အကြောင်းကြား လာပါသည်။

၂။ အဆိုပါ ကုမ္ပဏီမှဆောင်ရွက်ရမည့်လုပ်ငန်းများ နှင့်ပတ်သက်၍ အောက်ပါအချက် များဆောင်ရွက်ရန်လိုပါသည်-

(က) မိမိလုပ်ငန်း၏ ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေး ကိုထိခိုက်စေနိုင်မှုမရှိစေရေး ဆောင်ရွက်ရန်လိုအပ်ပါသည်။

(ခ) မီးဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာဌာန၏ စိစစ်ချက်ဖြင့် စနစ်တကျဆောင်ရွက်ရန်လိုအပ်ပါသည်။

(ဂ) ပတ်ဝန်းကျင် အနှောင့်အယှက်မဖြစ်စေရေး နှင့် ညစ်ညမ်းမှု မရှိစေရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) လုပ်ငန်းတွင်တာဝန်ထမ်းဆောင်နေသော အလုပ်သမားများ၏ ကျန်းမာရေး ကိုထိခိုက်စေနိုင်မှုမရှိစေရေးနှင့်အန္တရာယ်ကျရောက်မှုမရှိစေရေး ဆောင်ရွက် ရန်လိုအပ်ပါ သည်။

(င) တည်ဆဲဥပဒေများ၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်လိုအပ် ပါသည်။

၃။ သို့ဖြစ်ပါ၍ Myanmar Hua Qiang Wood Industrial Co., Ltd မှ ရာဘာသစ် အသုံးပြု၍ CMP စနစ်ဖြင့်အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်ပြီး ပြည်ပ သို့ရာနှုန်းပြည့်တင်ပို့ရောင်းချခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန်လျှောက်ထား လာခြင်း နှင့် ပတ်သက်၍ အထက်ပါအချက်များအားလိုက်နာဆောင်ရွက်မည်ဆိုပါက မွန်ပြည်နယ်စက်မှု ကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း သဘောထား ပြန်ကြားအပ်ပါသည်။

(ပုံ)
တင်ညို
ပြည်နယ်ဦးစီးဌာနမှူး

မိတ္တူကို
- ရုံးလက်ခံ
- မျှောစာတွဲ

နောက်ဆက်တွဲ (ဃ

ညွှန်ကြားရေးမှူးရုံး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
နေပြည်တော်၊ မော်လမြိုင်မြို့
စာအမှတ်၊ ၆၀၄ / ကကရ / ၂၀၁၈
ရက်စွဲ၊၂၀၁၈ခုနှစ်၊ ဇွန်လ ၊ ၁၇ ရက်

သို့

ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ
မွန်ပြည်နယ်

အကြောင်းအရာ။ **သဘောထားမှတ်ချက်အကြောင်းပြန်ကြားခြင်း**

ရည်ညွှန်းချက် ။ မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁၀.၇.၂၀၁၈) ရက်စွဲပါစာအမှတ်၊ မရက/၂/နသေ/၂၀၁၈(၀၂၈)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ Myanmar Hua Qiang Wood Industrial Co., Ltdမှ မွန်ပြည်နယ်၊မော်လမြိုင်ခရိုင်၊သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S 9)၊ ကြေးတိုင်ပြင်ကွင်း၊ဦးပိုင်အမှတ် ၈၃၈ မြေဧရိယာ(၁၀.၀၈) ဧကတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်အသုံးပြု၍ CMPစနစ်ဖြင့် အထပ်သားလွှာနှင့်အချောသပ်အထပ်သား ထုတ်လုပ်ပြီး ပြည်ပသို့ရာနှုန်းပြည့်တင်ပို့ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ လျှောက်ထားတင်ပြလာခြင်းအပေါ် ကော်မတီမှ အဆိုပါလုပ်ငန်းနှင့်ပတ်သတ်၍ ပတ်ဝန်းကျင်ဆိုင်ရာသဘောထားမှတ်ချက်ပေးနိုင်ပါရန် မွန်ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းအကြောင်းကြားလာပါသည်။

၂။ Myanmar Hua Qiang Wood Industrial Co., Ltd မှအဆိုပြုတင်ပြလာသော ရာဘာသစ်အသုံးပြု၍ CMPစနစ်ဖြင့် အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်းနှင့်ပတ်သတ်၍ အောက်ပါအတိုင်းစိစစ်တွေ့ရှိရပါသည်-

(က) ထုတ်လုပ်သည့်လုပ်ငန်းစဉ်တွင် ကုန်ကြမ်းများကို Woodworking Band saw အားအသုံးပြု၍ လိုအပ်သောအတိုင်းအတာရသည်အထိ ပိုင်းဖြတ်ခြင်း၊ စီထပ်ခြင်း၊ စီထပ်ပြီးသော သစ်သားများကို Boiler roomထဲထည့်၍ အဆီထုတ်ခြင်း၊ အခြောက်ခံခြင်းနှင့် ရရှိလာသောကုန်ချောများကို စိစစ်ထုတ်ပိုးခြင်း စသည့်လုပ်ငန်းစဉ်အဆင့်ဆင့်များ ပါဝင်ကြောင်း၊

(ခ) စီထပ်ပြီးသော သစ်သားများကို Boiler roomထဲထည့်၍ အဆီထုတ်ရာတွင် boric acid (free powder နှင့်borax acidများ အသုံးပြုမည်ဖြစ်ကြောင်း။

၃။ ရာဘာသစ်အသုံးပြု၍ CMPစနစ်ဖြင့် အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သတ်၍ အောက်ပါအတိုင်း သုံးသပ်ရပါသည်-

(က) ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့် အချောသပ်အထပ်သား ထုတ်လုပ်သည့်လုပ်ငန်းစဉ်တွင် ဓာတုဗေဒပစ္စည်းများအသုံးပြုရန်လိုအပ်မည်ဖြစ်ပါ၍ အဆိုပါဓာတုဗေဒကုန်ကြမ်းပစ္စည်းများ သိုလှောင်ခြင်း၊ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်းများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေနိုင်ပြီး ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများလည်း ဖြစ်ပေါ်စေနိုင်ကြောင်း၊

(ခ) ဘွိုင်လာအသုံးပြုဆောင်ရွက်မည်ဖြစ်ပြီး လျှပ်စစ်မီးပြတ်တောက်ချိန်တွင် အင်ဂျင်မီးစက်ကို အသုံးပြုမည်ဖြစ်သဖြင့် အသုံးပြုမည့်လောင်စာများမှ အခိုးအငွေ့များ ထွက်ရှိခြင်း၊ ထုတ်လုပ်သည့်လုပ်ငန်းစဉ်အဆင့်ဆင့်မှ သစ်အမှုန်အမွှားများ၊ အနံ့အသက်များနှင့်ဆူညံသံများ ထွက်ရှိခြင်းတို့ကြောင့် စက်ရုံအတွင်းရှိလုပ်သားများနှင့်စက်ရုံဧရိယာအနီးပတ်ဝန်းကျင်နေထိုင်သူပြည်သူများ၏ ကျန်းမာရေးထိခိုက်မှုများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများ ဖြစ်ပေါ်နိုင်ကြောင်း၊

(ဂ) လုပ်ငန်းစဉ်အဆင့်ဆင့်မှထွက်ရှိလာသော သစ်အပိုင်းအစများ၊ စက်ရုံဆေးထွက်ပစ္စည်းများ၊ စွန့်ပစ်အရည်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်ပေါ်နိုင်ကြောင်း၊

(ဃ) အသုံးပြုမည့်ကုန်ကြမ်းများ၊ ထုတ်လုပ်ပြီးကုန်ချောများမှာ မီးလောင်လွယ်သောအရာများဖြစ်သည့်အတွက် မီးဘေးဆိုင်ရာကြိုတင်ကာကွယ်ထားခြင်းများနှင့် ကာကွယ်ပစ္စည်းများ လုံလောက်စွာမရှိပါက မီးဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ကြောင်း၊

(င) တည်ဆောက်ရေးကာလတွင် စက်ယန္တရားများအသုံးပြု၍ လုပ်ငန်းဆောင်ရွက်ခြင်းများမှ ဆူညံသံ၊ တုန်ခါမှု၊ အခိုးအငွေ့နှင့်ဖုန်မှုန့်များ၊ စွန့်ပစ်ပစ္စည်းများထွက်ရှိနိုင်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း။

၄။ ရာဘာသစ်အသုံးပြု၍ CMP စနစ်ဖြင့် အထပ်သားလွှာနှင့် အချောသပ်ဒထပ်သားထုတ်လုပ်ခြင်း လုပ်ငန်းနှင့်ပတ်သတ်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်လိုအပ်ပါကြောင်းသဘောထား ပြန်ကြားအပ်ပါသည်-

(က) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း နောက်ဆက်တွဲ(က) အမှတ်စဉ်(၆၃)အရ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း အစီရင်ခံစာ(IEE) အား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ရေးဆွဲတင်ပြပြီး သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ အတည်ပြုချက် ရယူဆောင်ရွက်သွားရန်နှင့်(IEE)ရေးဆွဲရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ်(၃၅)၊(၃၆)ပါအချက်များအတိုင်း ပြည့်စုံစွာရေးသားပြီး လိုအပ်သည့်ပုံစံများဖြည့်စွက်၍ ပူးတွဲတင်ပြရန်၊

(ခ) IEEအစီရင်ခံစာပေါ်တွင် လေ့လာဆန်းစစ်မှုရလဒ်များကိုအခြေခံ၍ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်အတွက် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်၊ စွန့်ပစ်ပစ္စည်းများနှင့်စွန့်ပစ်အရည်များ စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်လေ့လာမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေး ဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ရေးဆွဲတင်ပြရန်၊

(ဂ) အသုံးပြုမည့်ဓာတုပစ္စည်းများအား စနစ်တကျသိုလှောင်ထိန်းသိမ်းခြင်း၊ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာမှ ထွက်ရှိလာမည့် စက်ရုံဆေးထွက်ပစ္စည်းများ၊ ဓာတုစွန့်ပစ်ပစ္စည်းများ၊ အခြားအန္တရာယ်ရှိဆက်စပ်စွန့်ပစ်ပစ္စည်းများ၊ စွန့်ပစ်အရည်များအား

ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် စွန့်ပစ်ခြင်းနှင့် စွန့်ပစ်အရည်များအား ပြန်လည်သန့်စင်၍ စွန့်ပစ်ခြင်းများဆောင်ရွက်ရန်၊

(ဃ) စက်ရုံလည်ပတ်စဉ်တွင် သစ်အမှုန်အမွှားများ၊ အနံ့အသက်များ၊ အခိုးအငွေ့များ ထွက်ရှိခြင်းအတွက် Exhaust Fanများ လုံလုံလောက်လောက်တပ်ဆင် ဆောင်ရွက်ခြင်း၊ စက်ရုံလုပ်သားများအား နှာခေါင်းစည်း၊ လက်အိတ်စသည်တို့ ဝတ်ဆင်လုပ်ဆောင်စေခြင်းနှင့် စက်ရုံလုပ်သားများ၏ ကျန်းမာရေး၊လူမှုရေးဆိုင်ရာများအတွက် တာဝန်ယူဆောင်ရွက်ပေးခြင်းများ လုပ်ဆောင်ရန်၊

(င) ကုန်ထုတ်လုပ်မှုအနေဖြင့် နေ့စဉ်ရာဘာကုန်ကြမ်းတန်(၁၅၀)ခန့် တစ်နှစ်အတွက် တန်(၅၅၀၀၀)ခန့် အသုံးပြုမည်ဖြစ်သည့်အတွက် ဂေဟာစနစ်မပျက်စီးစေရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြန်လည်ကုစားနိုင်ရေး အစားထိုးရာဘာစိုက်ခင်းများ ပြန်လည်တည်ထောင်သွားရန်၊

(စ) ကုန်ကြမ်း၊ကုန်ချောများသည် မီးလောင်လွယ်သောကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်များ၊ အရေးပေါ်မီးဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဆောင်ရွက်မည့်အစီအမံများ မဖြစ်မနေထားရှိခြင်း၊ မီးချိတ်/မီးကတ်/ရေ/သဲ/မီးသတ်ဆေးဗူးများ ပြည့်စုံလုံလောက်စွာထားရှိခြင်း၊ မီးသတ်ဆေးဗူးများ/မီးသတ် ရေကန်များအား စဉ်ဆက်မပြတ် ရေဖြည့်တင်းဆောင်ရွက်ခြင်း၊ မီးသတ်ဦးစီးဌာနမှ အတည်ပြုပေးထားသော မီးဘေးစီမံချက်ပါအတိုင်း ထည့်သွင်းလုပ်ဆောင်ခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ထားခြင်းများ ဆောင်ရွက်ရန်၊

(ဆ) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ဆန္ဒနှင့် သဘောထားများရယူခြင်းစသည့် အများပြည်သူပူးပေါင်းပါဝင်မှုဆိုင်ရာ လုပ်ငန်းများကိုလုပ်ဆောင်ပြီးယင်းဆန္ဒနှင့်သဘောထားများကို အလေးထားဆောင်ရွက်သွားရန်နှင့် လူမှုရေးဆိုင်ရာတာဝန်ယူဆောင်ရွက်မှု (Corporate Social Responsible-CSR)အတွက် အသားတင်အမြတ်ငွေ၏(၂%)အား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထည့်ဝင်ဆောင်ရွက်သွားရန်။

(အောင်အောင်လေး)

ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
မွန်ပြည်နယ်

မိတ္တူကို-


ဝန်ကြီး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မွန်ပြည်နယ်

ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်

ရုံးလက်ခံ

မျှောစာတွဲ

နောက်ဆက်တွဲ (င)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့
မွန်ပြည်နယ်



စာအမှတ်၊ ၂၀၀ /၄ - ၃/ အဖရ(မွန်)(၅၂၉)
ရက် စွဲ ၊ ၂၀၁၈ ခုနှစ် ၊ ဩဂုတ်လ ၂၁ ရက်

သို့

အတွင်းရေးမှူး
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ

အကြောင်းအရာ။ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ

Myanmar Hua Qiang Wood Industrial Co., Ltd မှ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (O.S.S.9)၊ ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၈၃၈)ရှိ မြေဧရိယာ(၁၀.၀၈) ဧကတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရော်ဘာသစ်အသုံးပြု၍ CMP စနစ်ဖြင့် အထပ်သားလွှာနှင့်အချောသပ်အထပ်သားထုတ်လုပ်ပြီး ပြည်ပသို့ ရာနှုန်းပြည့်တင်ပို့ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြလာခြင်းအပေါ် မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သဘောထားမှတ်ချက်တောင်းခံလာခြင်းနှင့်ပတ်သက်၍ (၁၅-၈-၂၀၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော မွန်ပြည်နယ်အစိုးရအဖွဲ့၊ အစည်းအဝေးအမှတ်စဉ်(၃၁/၂၀၁၈)၊ ဆုံးဖြတ်ချက်အပိုဒ်(၃၆) အရ ကန့်ကွက်ရန်မရှိပါကြောင်း အကြောင်းကြားပါသည်။

ဝန်ကြီးချုပ်(ကိုယ်စား)
(မြင့်သန်း‌ဝင်း၊ ညွှန်ကြားရေးမှူး)

မိတ္တူကို

စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီး
မွန်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
လှည့်လည်စာတွဲ
ရုံးလက်ခံ

အကြောင်းအရာ။ Myanmar Hua Qiang Wood Industrial Co., Ltd မှ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်အသုံးပြုပြီး အထပ်သားလွှာနှင့်အချောသပ်အထပ်သားထုတ်လုပ်ပြီး ပြည်ပသို့ရာနှုန်းပြည့်တင်ပို့မည့်လုပ်ငန်း

၁	ရင်းနှီးမြှုပ်နှံမည့်သူ/ကုမ္ပဏီ	-	ဒေါ်ဖြူဖြူဝင်း၊ မန်နေးဂျင်း ဒါရိုက်တာ Myanmar Hua Qiang Wood Industrial Co., Ltd		
၂	ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဌာန်	-	မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု		
၃	လုပ်ငန်းအမျိုးအစား	-	ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ်အထပ်သားထုတ်လုပ်ပြီး ပြည်ပသို့ ရာနှုန်းပြည့်တင်ပို့သည့်လုပ်ငန်း		
၄	စီမံကိန်းလုပ်ငန်းအကျဉ်းချုပ်	-	မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု ၊ ကွင်းအမှတ် O.S.S. 9၊ ကြေးတိုင်ပြင်ကွင်း ၊ ဦးပိုင်အမှတ်(၈၃၈)ရှိ မြေဧရိယာ (၁၀.၀၈)ဧကတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ်အထပ်သားထုတ်လုပ်ပြီး ပြည်ပသို့ ရာနှုန်းပြည့်တင်ပို့မည့်လုပ်ငန်းဖြစ်ပါသည်။		
၅	တည်နေရာ	-	မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု ၊ ကွင်းအမှတ် O.S.S. 9၊ ကြေးတိုင်ပြင်ကွင်း ၊ ဦးပိုင်အမှတ်(၈၃၈)ရှိ မြေဧရိယာ (၁၀.၀၈)ဧက		
၆	မြေအကျယ်အဝန်း	-	၁၀.၀၈ ဧက		
၇	မြေအမျိုးအစား	-	လယ ၃၀(ခ)လျှောက်ထားဆဲ		
အကြောင်းအရာ။ **။လုပ်ငန်းဆောင်ရွက်ထားရှိပုံနှင့် လုပ်ကိုင်ဆောင်ရွက်မည့်ကိစ္စများအား တင်ပြခြင်း။**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ မွန်ပြည်နယ်၊မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ကြေးတိုင်ပြင်ကွင်း၊ ကွင်းအမှတ် O.S.S 9၊ ဦးပိုင်အမှတ် ၈၃၈ မြေဧရိယာ (၁၀.၀၈) ဧကတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Hua Qiang Wood Industrial Co., Ltd သည် CMP စနစ်ဖြင့် ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း စက်ရုံတည်ထောင်၍ လုပ်ကိုင် ရန်ရှိပါသည်။ ဒေသတွင်းရှိ အစေးမထွက်တော့သည့် ရာဘာပင်အို/ပင်ဟောင်းများ ထင်းအဖြစ်အသုံးပြုရာမှ တန်ဖိုးမြင့်ရာဘာသစ်ခွဲသား ထုတ်လုပ်ရန်၊ ရာဘာလုပ်ငန်းရှင်များ ဝင်ငွေတိုးရန်၊ ဒေသခံပြည်သူများအား အိမ်နီးချင်းနိုင်ငံများသို့ မိတကွဲ၊ ဖတကွဲ သွားရောက်လုပ်ကိုင်စရာ မလိုပဲ မိသားစုနှင့်အတူ မကွဲမကွာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ပြီး ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ်အထပ်သား စက်ရုံကို တည်ထောင်ရန်ရှိပါသည်။ အစေးမထွက်တော့သည့် ရာဘာပင်အို / ပင်ဟောင်းများ ကုန်ကြမ်းများအား ခွဲစိတ်ကာ ရာဘာသစ်ခွဲသားများအား ပြည်ပသို့တင်ပို့ရောင်းချခြင်း လုပ်ငန်းကို လုပ်ကိုင်နိုင်ရန် မွန်ပြည်နယ် ရင်နှီးမြှုပ်နှံမှုကော်မတီသို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်မှု ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် လေးစားစွာ လျှောက်ထားအပ်ပါသည်။

ကျွန်တော်များ ကုမ္ပဏီအနေဖြင့် CMPစနစ်ဖြင့်ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း ကို လုပ်ကိုင်နိုင်ရန်အတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု MMK 1,241.244 သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ပါသည်။ လုပ်ငန်းလုပ်ကိုင်ရာမှရရှိလာသော အမြတ်ငွေများကိုလည်း မြန်မာနိုင်ငံအတွင်းခွင့်ပြုထားသည့် စီးပွားရေးလုပ်ငန်းများတွင် ပြန်လည်ရင်းနှီးထားရန် ရည်ရွယ်ပါသည်။ ဝန်ထမ်းများနည်းပညာတိုးတက်မှု ရရှိခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်းရရှိခြင်း တို့ကို အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပါသည်။ စက်ရုံလုပ်ငန်းလည်ပတ်မည့် အစီအစဉ်များနှင့် ဆောင်ရွက်ရန်ရှိသည့် အကြောင်းအရာများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ပြည်တွင်းရာဘာကုန်ကြမ်းရရှိရေးအတွက်မွန်ပြည်နယ်ဒေသတွင်းရှိအစေးမထွက်တော့သည့်ရာဘာပင်အို/ပင်ဟောင်းများအား ရာဘာထုတုံးရောင်းချသူများနှင့် ဆက်သွယ်၍ ရာဘာထုတုံးများကို စာချုပ်ချုပ်၍သော်လည်းကောင်း၊ တိုက်ရိုက်ဝယ်ယူခြင်းဖြင့်လည်းကောင်း၊နေ့စဉ်ဒေသတွင်းရှိ အစေးမထွက်တော့သည့် ရာဘာ

ပင်အို/ပင်ဟောင်းများ၊တန် (၁၅၀) ဂန်းကျင်ခန့် ဂယ်ယူပါမည်။ထွက်ရှိလာသည့် ရာဘာခွဲသားများအား EXPORT QUALITY ထုတ်ပိုးပါမည်။ထုတ်ပိုးပြီးသော ရာဘာခွဲသားများအား(၁၀၀) ရာခိုင်နှုန်း ပြည်ပသို့ တင်ပို့ပြီးနိုင်ငံတော်အတွက်တဖက်တလမ်းမှနိုင်ငံခြားငွေရှာဖွေပေးခြင်းလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။လစဉ် အထပ်သားလွှာ (၄၀၀ တန်) နှင့်အချောသပ်အထပ်သား (၄၀၀ တန်) ဂန်းကျင်အား ပြည်ပသို့ တင်ပို့နိုင်ရန် ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းအတွက်လိုအပ်သောလျှပ်စစ်ဓာတ်အားကို လျှပ်စစ်နှင့်စွမ်းအင်ဂန်ကြီးဌာနမှ (1000) KVA Transformer (၁) လုံးအား တင်ပြလျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပြီး မီးမရရှိသည့် အချိန်တွင် အရံမီးစက်အဖြစ် generator (800)KVA (၂)လုံးနှင့် (generator) (600) KVA(၁)လုံးကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းအတွက်လိုအပ်သောရေကိုအဂ်စိတွင်း(၁)တွင်း တူးထားပြီး ရယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းအတွက်လိုအပ်သော စက်သုံးဆီပမာဏမှာ တစ်လလျှင် ဂါလံ(၆၀၀၀)ခန့် ရှိပါသည်။

အဆိုပါလုပ်ငန်း လျှောက်ထားရာတွင် ဂန်ထမ်းများ၏ အခြေခံလစာငွေကို အခြေခံလစာအနိမ့်ဆုံး လုပ်သတ်မှတ်ထားသည့် ဥပဒေအတိုင်း လုပ်ခလစာများကို ပေးအပ်သွားပါမည်။

မိမိတို့ စက်ရုံဂန်ထမ်းများ၏ လစာငွေ တစ်နှစ်လျှင် ကျပ်(၄၈)သိန်းအထက်ရရှိသော ဂန်ထမ်းများ၏ ဂင်ငွေခွန်ကို သတ်မှတ်ထားသောဈေးနှုန်းထားများအတိုင်း ပေးဆောင်ရေးကို ကုမ္ပဏီမှတာဂန်ယူ ပေးဆောင်သွားစေမည်ဖြစ်ကြောင်း ဂန်ခံကတိပြုပါသည်။

အဆိုပါလုပ်ငန်း၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်၍ ရရှိလာသည့် နှစ်စဉ်အမြတ်ငွေမှ(၂)%ကို Co-operate Social Responsibility (CSR) ရန်ပုံငွေအဖြစ်ထားရှိသုံးစွဲသွားမည်ဖြစ်သည်။

အဆိုပြုလုပ်ငန်း၏ လုပ်ငန်းလျှောက်ထားရာတွင် ခွင့်ပြုချက်ရရှိပါက အဆိုပါလုပ်ငန်း ကို အနည်းဆုံး (၆၀) နှစ်ခန့် မိမိကိုယ်ပိုင်မြေပေါ်တွင် လုပ်ကိုင်ဆော်ရွက်သွားမည်ဖြစ်ပါသည်။လုပ်ငန်း မစတင်ခင် **ပြင်ဆင်တည်ဆောက်ရေးကာလ အဖြစ် ၂ နှစ်** ယူဆောင်မည် ဖြစ်ပါသည်။

အဆိုပြုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဂန်းကျင်နှင့် သစ်တောရေးရာဂန်ကြီးဌာန၏ လမ်းညွှန်ချက်အရပတ်ဂန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း IEE (Initial Environmental Examination)၊ ပတ်ဂန်းကျင်ဆိုင်ရာဆန်းစစ်ခြင်း EIA (Environmental Impact Assessment)၊ လူမှုဖူလုံရေး ထိခိုက်နစ်နာမှုဆန်းစစ်ချက် SIA (Social Impact Assessment)၊ ပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစီမံ ထားရှိမှု အစီအစဉ်များ EMP (Environment Management Plan) များကို ပညာရှင်များနှင့် ရေးဆွဲနေပြီဖြစ်ပါ သဖြင့် အစီရင်ခံစာရရှိပါက လူကြီးမင်း တို့ဌာနသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဂန်ခံကတိပြုအပ်ပါသည်။

လေးစားစွာဖြင့်

Daw Phyu Phyu Win
Managing Director
Myanmar Hua Qiang Wood Industrial Co., Ltd

Myanmar Hua Qiang Wood Industrial Co.,Ltd

Oo Paing No.(838), Kwin, No. o.s.s (9),Kyae Taing Pyin Kwin, Sakhanngyi Village Group,
Thanphyuzayat Township, Mon State

ဂန်ခံကတိပြုခြင်း

Myanmar Hua Qiang Wood Industrial Co.,Ltd ၏ ရာဘာသစ်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ခြင်းနှင့်အတည်ပြုမိန် . ရရှိပါကသက်ဆိုင်ရာ ဌာနများ၏လမ်းညွှန်ချက်များ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီ လိုက်နာ၍ လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဂန်ခံကတိပြုပါသည်။

Daw Phyu Phyu Win
Managing Director
Myanmar Hua Qiang Wood Industrial Co., Ltd

Myanmar Hua Qiang Wood Industrial Co.,Ltd
Oo Paing No.(838), Kwin, No. o.s.s (9),Kyae Taing Pyin Kwin, Sakhanngyi Village Group,
Thanphyuzayat Township, Mon State

ဂန်ခံကတိပြုခြင်း

Myanmar Hua Qiang Wood Industrial Co.,Ltd သည် အစိုးရမှ ဥပဒေအရသတ်မှတ်ထားသော အနိမ့်ဆုံး လုပ်ခလစာအတိုင်း တွက်ချက်ပြီး အခြေခံဝန်ထမ်းများအား လုပ်ခလစာ သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း ဂန်ခံကတိပြု အပ်ပါသည်။

Daw Phyu Phyu Win
Managing Director
Myanmar Hua Qiang Wood Industrial Co., Ltd

Myanmar Hua Qiang Wood Industrial Co.,Ltd
Oo Paing No.(838), Kwin, No. o.s.s (9),Kyae Taing Pyin Kwin, Sakhanngyi Village Group,
Thanphyuzayat Township, Mon State

သို့

ဥက္ကဋ္ဌ
မွန်ပြည်နယ် ရင်နှီးမြှုပ်နှံမှုကော်မတီ
မော်လမြိုင်မြို့။

ရက်စွဲ။ ။၂၀၁၈ခုနှစ်၊ လ ၊ ( )ရက်

မွန်ပြည်နယ်၊မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု၊ကြေးတိုင်ပြင်ကွင်း၊ကွင်းအမှတ် O.S.S 9၊ ဦးပိုင်အမှတ် ၈၃၈ မြေဧရိယာ (၁၀.၀၈) ဧကတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Hua Qiang Wood Industrial Co., Ltd သည် CMP စနစ်ဖြင့် ရာဘာသစ်အသုံးပြု၍ အထပ်သားလွှာနှင့်အချောသပ်အထပ်သား ထုတ်လုပ်ခြင်းလုပ်ငန်း စက်ရုံတည်ထောင်၍ လုပ်ကိုင်ရန်ရှိပါသည်။

ပြည်တွင်းရာဘာကုန်ကြမ်းရရှိရေးအတွက်မွန်ပြည်နယ်၊တနင်္သာရီတိုင်း၊ဒေသတွင်းရှိအစေးမထွက်တော့သည့်ရာဘာပင်အို/ပင်ဟောင်းများအား ရာဘာထုတုံးရောင်းချသူများနှင့် ဆက်သွယ်၍ ရာဘာထုတုံးများကိုစာချုပ်ချုပ်၍သော်လည်းကောင်း၊ တိုက်ရိုက်ဝယ်ယူခြင်းဖြင့်လည်းကောင်း၊နေ့စဉ်ဒေသတွင်းရှိအစေးမထွက်တော့သည့် ရာဘာပင်အို/ပင်ဟောင်းများ၊တန် (၁၅၀) ဝန်းကျင်ခန့် ဝယ်ယူပါမည်။ရာဘာပင်အိုဟောင်း ရရှိနိုင်မည့် နေရာ များကိုလည်း ကျွန်တော်များ ကုမ္ပဏီဖက်မှ ကွင်းဆင်းလေ့လာပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အကြောင်းအရာအား မွန်ပြည်နယ် ရင်နှီးမြှုပ်နှံမှုကော်မတီ သို့ လေးစားစွာတင်ပြအပ်ပါသည်။

Daw Phyu Phyu Win
Managing Director
Myanmar Hua Qiang Wood Industrial Co., Ltd


Myanmar Hua Qiang Wood Industrial Co.,Ltd
Oo Paing No.(838), Kwin, No. o.s.s (9),Kyae Taing Pyin Kwin, Sakhanngyi Village Group,
Thanphyuzayat Township, Mon State

Fire Safety Plan

Myanmar Hua Qiang Wood Industrial Co., Ltd shall have to abide by the Fire Services Department`s rules, regulations, directives and instructions by having factory buildings with Reinforced Concretes and also by having enough fire prevention applications. There will also be under ground water tanks with emergency water pump and fire hoses at standby position. We will appoint the fire safety officer to have the Fire Drill Instructions posted at every section of the factory and to provide training to use the fire safety equipment and fire safety procedures.

Daw Phyu Phyu Win
Managing Director
Myanmar Hua Qiang Wood Industrial Co., Ltd

ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန
အမှတ် (၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



ရက်စွဲ၊ ၂၀၁၀ ခုနှစ်၊ လ ( ) ရက်

အကြောင်းအရာ။ **ကုမ္ပဏီအမည်စစ်ဆေးခွင့်နှင့်ကုမ္ပဏီဆိုင်ရာမှတ်ပုံတင်လိုပါသဖြင့် တင်ပြခြင်း**
(မြန်မာ/အင်္ဂလိပ် နှစ်မျိုးဖြင့် ဖော်ပြပေးပါရန်)

၁။ ကျွန်တော်/ကျွန်မတို့သည် အောက်ပါ အမည်ဖြင့် ကုမ္ပဏီဖွဲ့စည်း မှတ်ပုံတင် လိုပါသဖြင့် ကုမ္ပဏီအမည်အား စစ်ဆေးပေးနိုင်ပါရန်ကုမ္ပဏီဆိုင်ရာအချက်အလက်များနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားအပ်ပါသည်။ (အမည်တူ/လုပ်ငန်းကွဲ ကုမ္ပဏီဖြစ်ပါက ဖော်ပြရန်) B.O.D ပါ

(မြန်မာ) မြန်မာဟွာချန်နဲ့(ဒ်) အင်ဒတ်စထရီရယ်(လ်) ကုမ္ပဏီလီမိတက်
(အင်္ဂလိပ်) Myanmar Hua Qiang Wood Industrial Co., Ltd.
(လုပ်ငန်း) ဆက်မှုလုပ်ငန်း (၄၇ မျိုး)

၂။ သတ်မှတ်မတည်ငွေရင်း ကျပ် ၅၀၀,၀၀၀,၀၀၀ (Ks Five Hundred Million
ရှယ်ယာတစ်စုတန်ဖိုး ကျပ် ၁၀၀၀၀ (Ks Ten Thousand)
အစုရှယ်ယာပေါင်း ၅၀,၀၀၀ (Fivity Thousand)
ကနဦးထည့်ဝင်မည့်မတည်ငွေရင်း ကျပ် ၅၀,၀၀၀,၀၀၀ (Ks Fivity Million)

၃။ သင်းလုံးကျွတ် အစည်းအဝေးက တစ်စုံတစ်ရာ သတ်မှတ်ပြဋ္ဌာန်းမှု မပြုလုပ်သမျှ ဒါရိုက်တာများ၏ အရေအတွက်သည် (၂)ဦး ထက်မနည်း၊ (၉) ဦးထက် မများစေရ။

၄။ ဒါရိုက်တာတစ်ဦး ဖြစ်မြောက်ရန် လိုအပ်သော အရည်အချင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာ အနည်းဆုံး (-) ကို ပိုင်ဆိုင်ခြင်းဖြစ်၍ ၎င်းသည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ ပုဒ်မ ၈၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် တာဝန်ရှိသည်။

၅။ ကုမ္ပဏီရုံးခန်းလိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်

(ရုံးခန်းလိပ်စာ) ဦးပိုင်အမှတ်-၈၃၈၊ ကွင်းအမှတ်-ဝ.၆.၉ ၉၁၊ ကျေးတိုင်ပြင်၊ ဆဲခန်းကြီးကျေးရွာအုပ်စု၊ သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်
Oo Pain No. 838, Kwin No. 0.S.9 991, Kyae Taing Pyin, Salkhanngyi Village Group, Thanphyuzayat T/S, Mon State

(ဖုန်းနံပါတ်) 01-526574

အဆိုပြုဒါရိုက်တာများစာရင်း၊ (မြန်မာ/အင်္ဂလိပ် နှစ်မျိုးဖြင့် ဖော်ပြပေးပါရန်)

စဉ်	အဆိုပြုဒါရိုက်တာများ၏ အမည်နှင့် ဖုန်းနံပါတ်	နိုင်ငံသား မှတ်ပုံတင်အမှတ်	အဆိုပြုဒါရိုက်တာများ၏ နေရပ်လိပ်စာ	ကနဦး ထည့်ဝင်ငွေ အစုရှယ်ယာ
၁။	ဒေါ်ဖြူဖြူဝင်း	၁/မကန(နိုင်) ၀၈၁၄၈၁	အမှတ်-၇၈၈၊ ၁၃-လမ်း၊ ၆-ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၄၇၅၀
1	Daw Phyu Phyu Win	1/Ma Ka Na (N) 081481	No (788), (13) Street, Ward No. (6), Southokkalarpa T/S, Yangon.	4750
၂။	ဦးမြင့်အေး	၁/မကန(နိုင်) ၀၈၁၄၈၀	အမှတ်-၇၈၈၊ ၁၃-လမ်း၊ ၆-ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂၅၀
2	U Myint Aye	1/Ma Ka Na (N) 081480	No.(788), (13) Street, Ward No (6), Southokkalarpa T/S, Yangon.	250

နိုင်ငံသား စိစစ်ရေး ကတ်ပြား

[illegible]

အလုပ်အကိုင် – ကျောင်းသူ

နေရပ်လိပ်စာ – [illegible]

[illegible]

ထိုးမြဲလက်မှတ် – [illegible]

မှတ်ချက်။ (၁) [illegible]

[illegible]

နိုင်ငံသားစိစစ်ရေးကတ်ပြား

1.

N 758417

1.

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

မြန်မာဝှ ချန်ဝု(ဒ်)၊ အင်ဒက်စထရီရယ်(လ်) ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း

နှင့်

သင်းဖွဲ့စည်းမျဉ်းများ

❖ ❖ ❖ ❖ ❖ ❖ ❖ ❖

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Memorandum Of Association

AND

Articles Of Association

OF

MYANMAR HUA QIANG WOOD INDUSTRIAL COMPANY LIMITED

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

မြန်မာ့ ချန်ဝု(ဒ်)၊ အင်ဒက်စထရီရယ်(လ်) ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့မှတ်တမ်း



၁။ ကုမ္ပဏီ၏အမည်သည် မြန်မာ့ ချန်ဝု(ဒ်)၊ အင်ဒက်စထရီရယ်(လ်) ကုမ္ပဏီ လီမိတက် ဖြစ်ပါသည်။

၂။ ကုမ္ပဏီ၏ မှတ်ပုံတင် အလုပ်တိုက်သည်ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း တည်ရှိရမည်။

၃။ အစုဝင်များ၏ ပေးရန်တာဝန်ကို ကန့်သတ်ထားသည်။

၄။ ကုမ္ပဏီ၏ သတ်မှတ်မတည်ငွေရင်းသည် ကျပ် ၅၀၀၀၀၀၀၀၀ /-(ကျပ်
သန်းငါးရာ တိတိ) ဖြစ်၍ ငွေကျပ် ၁၀၀၀၀.၀၀ /-(ကျပ်
တစ်သောင်း တိတိ) တန်အစုရှယ်ယာပေါင်း (၅၀၀၀၀)
ခွဲထားပါသည်။ ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏ စည်းမျဉ်းများနှင့် လက်ရှိတရားဝင် တည်ဆဲဖြစ်နေသော တရားဥပဒေ အထွေထွေ ပြဋ္ဌာန်းချက်များ နှင့်အညီ အထွေထွေ သင်းလုံးကျွတ် အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့် နှင့် ပြင်ဆင်နိုင်ခွင့် အာဏာရှိစေရမည်။

(၁) ကုမ္ပဏီမှဆောင်ရွက်မည့် လုပ်ငန်းရည်ရွယ်ချက်များမှာ-

(၁) လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊
(၂) အိမ်သုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊
(၃) ယာဉ်နှင့်စက်ကိရိယာများ၊ အပိုပစ္စည်းများ ထုတ်လုပ်ခြင်း၊
(၄) လက်မှုအနုပညာပစ္စည်းများ၊ ယွန်းထည်များနှင့် ပရိဘောဂများ ထုတ်လုပ်ခြင်း၊
(၅) ဆောက်လုပ်ရေးပစ္စည်းများနှင့် သုတ်ဆေးများ ထုတ်လုပ်ခြင်း၊
(၆) စက်ရုံသုံးပစ္စည်းများ ထုတ်လုပ်ခြင်း၊
(၇) လျှပ်စစ်နှင့်အီလက်ထရောနစ် ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊
(၈) အထည်အလိပ်နှင့် အဝတ်အထည်များ ထုတ်လုပ်ခြင်း၊
(၉) လယ်ယာကိုင်းကျွန်းနှင့် ဥယာဉ်ခြံမြေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊
(၁၀) သစ်တောထွက်ပစ္စည်းနှင့် ထပ်ဆင့်တိုးတန်ဖိုးမြင့် သစ်အခြေခံ ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊
(၁၁) တိရစ္ဆာန်ထွက် ကုန်ပစ္စည်းနှင့် တိရစ္ဆာန်အစားအစာ ရောင်းဝယ်ခြင်း၊
(၁၂) ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊
(၁၃) ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ရောင်းဝယ်ခြင်း၊
(၁၄) ဓာတုဆေးနှင့် ဓာတ်ဆေးဆိုးဆေးများ ရောင်းဝယ်ခြင်း၊
(၁၅) စက်ရုံသုံးပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ရောင်းဝယ်ခြင်း၊
(၁၆) အိမ်သုံးကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊
(၁၇) လူသုံးကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊
(၁၈) ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် သုတ်ဆေးများ ရောင်းဝယ်ခြင်း၊
(၁၉) လျှပ်စစ်နှင့်အီလက်ထရောနစ် ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊
(၂၀) ယာဉ်နှင့်စက်ကိရိယာနှင့် အပိုပစ္စည်းများ ရောင်းဝယ်ခြင်း၊
(၂၁) ကိရိယာတန်ဆာပလာအမျိုးမျိုး ရောင်းဝယ်ခြင်း၊
(၂၂) ဆေးနှင့်ဆေးပစ္စည်းများ ရောင်းဝယ်ခြင်း၊
(၂၃) စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊
(၂၄) အထည်အလိပ်နှင့် အဝတ်အထည်များ ရောင်းဝယ်ခြင်း၊
(၂၅) စက္ကူ၊ စာရေးကိရိယာနှင့် ဓာတ်ပုံပစ္စည်းများ ရောင်းဝယ်ခြင်း၊
(၂၆) ရုံးသုံးပစ္စည်းများနှင့် ပညာရေးအထောက်အကူပစ္စည် ရောင်းဝယ်ခြင်း၊
(၂၇) လယ်ယာကိုင်းကျွန်းနှင့် ဥယာဉ်ခြံမြေထွက် ကုန်ပစ္စည်းများကို စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရိပ်သိမ်းခြင်း၊ တာရှည်ခံအောင်ပြုပြင်ခြင်း၊ ထုတ်ပိုးခြင်း၊ ကြိတ်ခွဲခြင်းနှင့် ကုန်ထုတ်လုပ်ခြင်း၊
(၂၈) (ကျွန်းမှအပ) သစ်နှင့် သစ်တောထွက်ပစ္စည်းများအား (သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်ဖြင့်) ခုတ်လှဲခြင်း၊ ထုတ်ယူခြင်း၊ ခွဲစိတ်ခြင်း၊ ကုန်ထုတ်လုပ်ခြင်း၊ တာရှည်ခံအောင်ပြုပြင်ခြင်းနှင့် အသားသေစေခြင်း၊
(၂၉) တိရိစ္ဆာန်မွေးမြူခြင်းနှင့် တိရိစ္ဆာန်ထွက်ကုန်ပစ္စည်းများအား ပြုပြင်ထုတ်လုပ်ခြင်း၊ ညှိသွပ်ခြင်း၊
(၃၀) ရေထွက်ကုန်ပစ္စည်းများအား ဖမ်းယူခြင်း၊ တာရှည်ခံအောင်ပြုပြင်ခြင်း၊ ကြိတ်ခွဲခြင်း၊ စည်သွပ်ခြင်းနှင့် ပြုပြင်ထုတ်လုပ်ခြင်း၊
(၃၁) ဓါတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် တိရိစ္ဆာန်အစားအစာများထုတ်လုပ်ခြင်း၊
(၃၂) အစိုးရ၏ ခွင့်ပြုချက်ဖြင့် သတ္တုရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ ပြုပြင်ခြင်းနှင့် ထွက်ရှိသောကုန်ပစ္စည်းများကို ရောင်းချခြင်းလုပ်ကိုင်ရန်၊
(၃၃) အေဂျင်စီလုပ်ငန်းအမျိုးမျိုး၊ ကျွမ်းကျင်မှုအတိုင်ပင်ခံများ၊ လုပ်ငန်းအတိုင်ပင်ခံများ၊ အုပ်ချုပ်မှု အတိုင်ပင်ခံများနှင့် အကြံပေး ဝန်ဆောင်မှုလုပ်ငန်းများ၊
(၃၄) ကြော်ငြာနှင့် ကြော်ငြာ ကိုယ်စားလှယ် လုပ်ငန်းများ၊
(၃၅) ဖျော်ဖြေရေးလုပ်ငန်းနှင့် ယင်းနှင့် ပတ်သက်သည့် လုပ်ငန်းများ
(၃၆) ဆေးဝန်ဆောင်မှု လုပ်ငန်းအမျိုးမျိုး၊
(၃၇) သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊ (မီးရထားနှင့် လေကြောင်းမှအပ)
(၃၈) ပုံနှိပ်ထုတ်ဝေခြင်း လုပ်ငန်း၊
(၃၉) တိုင်းတာရေးနှင့် စစ်ဆေးရေး လုပ်ငန်း၊
(၄၀) စီမံကိန်းသစ်များ၌ ဖြစ်မြောက်နိုင်စွမ်း ရှိမရှိ လေ့လာခြင်း၊ စီမံကိန်းပုံစံများချမှတ်ခြင်း၊ စီမံကိန်း ကုန်ကျစရိတ်ခန့်မှန်းခြင်းနှင့် တန်ဖိုးတွက်ချက်ခြင်းလုပ်ငန်းများ၊
(၄၁) စာရင်းရေးသွင်းခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ဥပဒေ အကြံပေး ဝန်ဆောင်မှု လုပ်ငန်းများ၊
(၄၂) ယာဉ်နှင့် စက်ကိရိယာအမျိုးမျိုး ကြံ့ခိုင်ရေးပြုလုပ်ခြင်း၊ မွမ်းမံခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ၊
(၄၃) လျှပ်စစ်နှင့် အီလက်ထရောနစ် ကုန်ပစ္စည်းများ တပ်ဆင်ခြင်း၊ ပြုပြင်ခြင်းနှင့် မွမ်းမံ တည်ဆောက် ခြင်း လုပ်ငန်းများ၊
(၄၄) ဆောက်လုပ်ရေးလုပ်ငန်း၊
(၄၅) ကျောက်မျက်လုပ်ငန်း၊
(၄၆) ခရီးသွားလုပ်ငန်း၊
(၄၇) ဟိုတယ်လုပ်ငန်း၊

(၂) ကုမ္ပဏီမှ သင့်တော်လျော်ကန်သည်ဟု ယူဆပါက ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတွင် အကျိုးရှိစေရန် အတွက် မည်သည့် ပုဂ္ဂိုလ်၊ စီးပွားရေး အဖွဲ့အစည်း ၊ ကုမ္ပဏီ ၊ ဘဏ် ၊ သို့မဟုတ် ၊ ငွေကြေး အဖွဲ့အစည်း ထံမှမဆို ငွေချေးယူရန် ။

ခြွင်းချက် ။ ကုမ္ပဏီသည် အထက်ဖော်ပြပါ ရည်ရွယ်ချက်များကို ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော် အတွင်း၌ ဖြစ်စေ ၊ အခြား မည်သည့် အရပ်ဒေသ၌ဖြစ်စေ ၊ အချိန်ကာလ အလိုက် တည်မြဲနေသော တရားဥပဒေများ ၊ အမိန့်ကြော်ငြာစာများ ၊ အမိန့်များက ခွင့်ပြုထားသည့် လုပ်ငန်းများမှအပ အခြားလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်ခြင်းမပြုပါ ။ ထို့အပြင် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အတွင်း၌ အချိန် ကာလ အားလျော်စွာ တည်မြဲနေသည့် တရား ဥပဒေပြဋ္ဌာန်းချက်များ ၊ အမိန့် ကြော်ငြာစာများ ၊ အမိန့်များနှင့် လျော်ညီသင့်တော်ခြင်း သို့မဟုတ် ၊ ခွင့်ပြုထားရှိခြင်းရှိမှသာလျှင် လုပ်ငန်းများကို ဆောင်ရွက်မည်ဟု ခြွင်းချက်ထားရှိပါသည်။

အောက်တွင် အမည်၊ နိုင်ငံသား၊ နေရပ်နှင့် အကြောင်းအရာစုံလင်စွာပါသော ဇယားတွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့ ကိုယ်စီကိုယ်ငှသည့် ဤသင်းဖွဲ့မှတ်တမ်းအရ ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် လိုလားသည့်အလျောက် ကျွန်ုပ်တို့၏ အမည် အသီးသီးနှင့် ယှဉ်တွဲ ပြထားသော အစုရှယ်ယာများကို ကုမ္ပဏီ၏ မတည်ရင်းနှီးငွေတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

စဉ်	အစုထည့်ဝင်သူများ၏အမည်၊ နေရပ်လိပ်စာနှင့် အလုပ်အကိုင်	နိုင်ငံသားနှင့်အမျိုးသား မှတ်ပုံတင်အမှတ်	ဝယ်ယူသော အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက်မှတ်
၁	ဒေါ် ဖြူဖြူဝင်း ကုန်သည် အမှတ်(၇၈၈)၊ ၁၃ လမ်း၊ (ဖ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	၁၀/မကန(နိုင်)၀၈၁၄၈၁	၄၇၅၀	
၂	ဦး မြင့်အေး ကုန်သည် အမှတ်(၇၈၈)၊ ၁၃ လမ်း၊ (ဖ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	၁၀/မကန(နိုင်)၀၈၁၄၈၀	၂၅၀	

နေ့စွဲ ၊ ခုနှစ်၊ လ၊ ရက်။

အထက်ပါလက်မှတ်ရှင်များသည် ကျွန်ုပ်၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

ZIN WAI B.Com;(AA);C.P.A (?)
CERTIFIED PUBLIC ACCOUNTANT

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ

အစုရှယ်ယာများဖြင့် ပေးရန်တာဝန် ကန့်သတ်ထားသော အများနှင့် မသက်ဆိုင်သည့် ကုမ္ပဏီ

မြန်မာ့ ချန်ဝု(ဒ်)၊ အင်ဒက်စထရီရယ်(လ်) ကုမ္ပဏီ လီမိတက်

၏

သင်းဖွဲ့စည်းမျဉ်းများ



၁။ ဤသင်းဖွဲ့စည်းမျဉ်းနှင့် လိုက်လျောညီထွေမဖြစ်သည့် စည်းမျဉ်းများမှအပ၊ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေ နောက်ဆက်တွဲ ပထမဇယားပုံစံ 'က' ပါ စည်းမျဉ်းများသည် ဤကုမ္ပဏီနှင့် သက်ဆိုင် စေရမည်။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒပုဒ်မ ၁၇(၂)တွင် ဖော်ပြပါရှိသည့် မလိုက်နာ မနေရ စည်းမျဉ်း များသည် ဤကုမ္ပဏီနှင့် အစဉ်သဖြင့် သက်ဆိုင်စေရမည်။

အများနှင့် မသက်ဆိုင်သော ကုမ္ပဏီ

၂။ ဤကုမ္ပဏီသည် အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီဖြစ်၍ အောက်ပါ သတ်မှတ်ချက်များသည် အကျိုး သက်ရောက် စေရမည်။

(က) ဤကုမ္ပဏီက ခန့်အပ်ထားသော ဝန်ထမ်းများမှအပ၊ ဤကုမ္ပဏီ၏ အစုရှင် အရေအတွက်ကို ငါးဆယ် အထိသာ ကန့်သတ်ထားသည်။

(ခ) ဤကုမ္ပဏီ၏ အစုရှယ်ယာ သို့မဟုတ် ဒီဘင်ချာ သို့မဟုတ် ဒီဘင်ချာစတော့(ခ်) တစ်ခုခုအတွက် ငွေထည့်ဝင်ရန် အများပြည်သူတို့အား ကမ်းလှမ်းခြင်း မပြုလုပ်ရန် တားမြစ်ထားသည်။

မ,တည် ရင်းနှီးငွေနှင့် အစုရှယ်ယာ

၃။ ကုမ္ပဏီ၏ သတ်မှတ်မ,တည်ငွေရင်းမှာ ကျပ်မှာ ၅၀၀၀၀၀၀၀၀ /-(ကျပ်
သန်းငါးရာ တိတိ)ဖြစ်၍ ငွေကျပ် ၁၀၀၀၀.၀၀ /-(ကျပ်
တစ်သောင်း တိတိ)တန်အစုရှယ်ယာပေါင်း ၅၀၀၀၀ ခွဲထားပါသည်။
ကုမ္ပဏီ၏ ရင်းနှီးငွေကို ကုမ္ပဏီ၏ စည်းမျဉ်းများနှင့် လက်ရှိတရားဝင် တည်ဆဲဖြစ်နေသော တရားဥပဒေ ပြဋ္ဌာန်းချက်များ နှင့်အညီ အထွေထွေ သင်းလုံးကျွတ် အစည်းအဝေး၌ တိုးမြှင့်နိုင်ခွင့်၊ လျှော့ချနိုင်ခွင့်နှင့် ပြင်ဆင်နိုင်ခွင့် အာဏာ ရှိစေရမည်။

၄။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေလျက် အစုရှယ်ယာများသည် ဒါရိုက်တာများ၏ ကြီးကြပ်ကွပ်ကဲမှု အောက်တွင် ရှိစေရမည်။ ၎င်းဒါရိုက်တာများသည် သင့်လျော်သော ပုဂ္ဂိုလ်များအား သတ်မှတ်ချက် အခြေအနေ တစ်စုံတစ်ရာဖြင့် အစုရှယ်ယာများကို ခွဲဝေချထားခြင်း သို့မဟုတ် ထုခွဲရောင်းချခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၅။ အစုရှယ်ယာလက်မှတ်များကို အထွေထွေမန်နေဂျာ သို့မဟုတ် ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့် အခြား ပုဂ္ဂိုလ်များက လက်မှတ်ရေးထိုး၍ ကုမ္ပဏီ၏တံဆိပ်ရိုက်နှိပ်ထုတ်ပေးရမည်။ အစုရှယ်ယာ လက်မှတ်သည် ပုံပန်းပျက်ခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်ပါက အဖိုးအခဖြင့် ပြန်လည်အသစ်ပြုလုပ်ပေးမှုကို သော်လည်းကောင်း၊ ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆသော အခြား သက်သေခံ အထောက်အထား တစ်စုံတစ်ရာကို တင်ပြစေ၍ သော်လည်းကောင်း ထုတ်ပေးနိုင်သည်။ ကွယ်လွန်သွားသော အစုရှယ်ယာရှင်တစ်ဦး၏ တရားဝင်ကိုယ်စားလှယ်ကို ဒါရိုက်တာများက အသိအမှတ်ပြုပေးရမည် ဖြစ်သည်။

၆။ ဒါရိုက်တာများသည် အစုရှင်များက ၎င်းတို့၏ အစုရှယ်ယာများအတွက် မပေးသွင်းရသေးသော ငွေများကို အခါအားလျော်စွာ တောင်းဆိုနိုင်သည်။ အစုရှင်တိုင်းကလည်း ၎င်းတို့ထံတောင်းဆိုသည့် အကြိမ်တိုင်း အတွက် ဒါရိုက်တာများက သတ်မှတ်ထားသည့် ပုဂ္ဂိုလ်များထံ သတ်မှတ်သည့်အချိန်နှင့် နေရာတွင် ပေးသွင်းစေရန် တာဝန်ရှိစေရမည်။ ဆင့်ခေါ်မှုတစ်ခုအတွက် အရစ်ကျပေးသွင်းစေခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်းတို့ကို ဒါရိုက်တာများက သတ်မှတ်နိုင်သည်။

ဒါရိုက်တာများ

၇။ သင်းလုံးကျွတ် အစည်းအဝေးက တစ်စုံတစ်ရာ သတ်မှတ်ပြဋ္ဌာန်းမှု မပြုလုပ်သမျှ ဒါရိုက်တာများ၏ အရေအတွက်သည် (၂) ဦးထက်မနည်း၊ (၉) ဦးထက်မများစေရ။

ပထမဒါရိုက်တာများသည်-

(၁) ဒေါ် ဖြူဖြူဝင်း

(၂) ဦး မြင့်အေး

တို့ဖြစ်ကြပါသည်။

၈။ ဒါရိုက်တာများသည် ၎င်းတို့အနက်မှတစ်ဦးကို မန်နေဂျင်းဒါရိုက်တာအဖြစ် အချိန်အခါအလိုက် သင့်လျော်သော သတ်မှတ်ချက်များ၊ ဉာဏ်ပူဇော်ခများဖြင့် ခန့်ထားရမည်ဖြစ်ပြီး အခါအားလျော်စွာ ဒါရိုက်တာအဖွဲ့က ပေးအပ်သော အာဏာများ အားလုံးကို ၎င်းကအသုံးပြုနိုင်သည်။

၉။ ဒါရိုက်တာတစ်ဦး ဖြစ်မြောက်ရန်လိုအပ်သော အရည်အချင်းသည် ကုမ္ပဏီ၏ အစုရှယ်ယာ အနည်းဆုံး (-)စု ကိုပိုင်ဆိုင်ခြင်းဖြစ်၍ ၎င်းသည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၈၅ ပါ ပြဋ္ဌာန်းချက် များကို လိုက်နာရန်တာဝန်ရှိသည်။

၁၀။ အစုရှယ်ယာများ လွှဲပြောင်းရန် တင်ပြချက်ကို မည်သည့် အကြောင်းပြချက်မျှ မပေးပဲ ဒါရိုက်တာ အဖွဲ့သည် ၎င်းတို့၏ ပြည့်စုံ၍ ချုပ်ချယ်ခြင်းကင်းသော ဆင်ခြင်တွက်ဆမှုဖြင့် မှတ်ပုံတင်ရန် ငြင်းဆိုနိုင်သည်။

ဒါရိုက်တာများ၏ ဆောင်ရွက်ချက်များ

၁၁။ ဒါရိုက်တာများသည်၎င်းတို့သင့်လျော်သည် ထင်မြင်သည့်အတိုင်း လုပ်ငန်းဆောင်ရွက်ရန် တွေ့ဆုံ ဆွေးနွေးခြင်း၊ အစည်းအဝေးရွှေ့ဆိုင်းခြင်း၊ အချိန်မှန်စည်းဝေးခြင်း၊ အစည်းအဝေးအထမြောက်ရန် အနည်းဆုံး ဒါရိုက်တာဦးရေ သတ်မှတ်ခြင်းတို့ကိုဆောင်ရွက်နိုင်သည်။ ယင်းသို့ မသတ်မှတ်ပါက ဒါရိုက်တာနှစ်ဦး တက်ရောက်လျှင် အစည်းအဝေးထမြောက်ရမည်။ အစည်းအဝေးတွင် မည်သည့် ပြဿနာမဆို ပေါ်ပေါက်ပါက မန်နေဂျင်းဒါရိုက်တာ၏ အဆုံးအဖြတ်သည် အတည်ဖြစ်ရမည်။ မည်သည့်ကိစ္စများကိုမဆို မဲခွဲဆုံးဖြတ်ရာတွင် မဲအရေအတွက်တူနေပါက သဘာပတိသည် ဒုတိယမဲ သို့မဟုတ် အနိုင်မဲကို ပေးနိုင်သည်။

၁၂။ ဒါရိုက်တာများ၏အစည်းအဝေးကို မည်သည့်ဒါရိုက်တာကမဆို အချိန်မရွေး ခေါ်နိုင်သည်။

၁၃။ ဒါရိုက်တာအားလုံးက လက်မှတ် ရေးထိုးထားသော ရေးသားထားသည့် ဆုံးဖြတ်ချက် တစ်ရပ်သည် နည်းလမ်းတကျ ခေါ်ယူ ကျင်းပသော အစည်းအဝေးက အတည်ပြုသည့် ဆုံးဖြတ်ချက် ကဲ့သို့ပင် ကိစ္စ အားလုံး အတွက် အကျိုးသက်ရောက်စေရမည်။

ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များ

၁၄။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ နောက်ဆက်တွဲဇယားပုံစံ(က)ပါ စည်းမျဉ်းအပိုဒ် ၇၁ တွင် ပေးအပ်ထားသော အထွေထွေ အာဏာများကို မထိခိုက်စေဘဲ ဒါရိုက်တာများသည် အောက်ဖော်ပြပါ အာဏာများ ရှိရမည်ဟု အတိအလင်း ထုတ်ဖော်ကြေငြာသည်။ အာဏာဆိုသည်မှာ -

(၁) ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆသော တန်ဖိုးနှင့် စည်းကမ်းများ ၊ အခြေအနေ များ သတ်မှတ်၍ ကုမ္ပဏီက ရယူရန် အာဏာရှိသည့် မည်သည့်ပစ္စည်း ၊ အခွင့်အရေးများ၊ အခွင့်အလမ်းများ မဆို ဝယ်ယူရန် သို့မဟုတ် အခြားနည်းလမ်းများဖြင့် ရယူပိုင်ဆိုင်ရန် အပြင် ကုမ္ပဏီက ပိုင်ဆိုင်ခွင့်ရှိသော မည်သည့်ပစ္စည်း၊ အခွင့်အရေးများ ၊ အခွင့်အလမ်း များကိုမဆို သင့်တော်သော စည်းကမ်းချက်များသတ်မှတ်၍ ရောင်းချခြင်း၊ အငှားချခြင်း ၊ စွန့်လွှတ်ခြင်း သို့မဟုတ် အခြားနည်းလမ်းများဖြင့် ဆောင်ရွက် ခြင်းတို့ကို ပြုလုပ်ရန် ။

(၂) သင့်လျော်သော စည်းကမ်းသတ်မှတ်ချက်များဖြင့် ငွေကြေးများကို ချေးငှားရန် သို့မဟုတ် အဆိုပါ ချေးငှားသော ငွေကြေးများကို ပြန်လည်ပေးဆပ်ရန် အတွက်အာမခံများ ထားရှိ ရန် အပြင်၊ အထူးသဖြင့် ဤ ကုမ္ပဏီ၏ ဒီဘင်ချာများ ၊ ဒီဘင်ချာစတော့ပ်များ ၊ ခေါ်ယူခြင်းမပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ယခုလက်ရှိ နှင့် နောင်ရှိမည့် ပစ္စည်းများအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသ ကို အပေါင်ပြု၍ ထုတ်ဝေရန် ။

(၃) ဤကုမ္ပဏီက ရယူထားသော အခွင့်အရေးများ သို့မဟုတ် ဝန်ဆောင်မှုများ အားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို ငွေကြေးအားဖြင့် ပေးချေရန်၊ သို့မဟုတ် အစုရှယ်ယာ များ၊ ငွေချေးစာချုပ်များ ၊ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် ဤကုမ္ပဏီ၏ အခြားသော အာမခံ စာချုပ်များကိုထုတ်ပေးရန်၊ ထို့အပြင် အဆိုပါအစုရှယ်ယာများ ထုတ်ပေးရာ၌ ငွေအပြည့်ပေးသွင်းပြီး သော အစုရှယ်ယာအနေဖြင့် သော်လည်းကောင်း ၊ တစ်စိတ်တစ်ဒေသ ပေးသွင်းပြီးသော အစုရှယ်ယာများ အနေဖြင့် သော် လည်းကောင်း ၊သဘောတူညီ သကဲ့သို့ ထုတ်ဝေပေးရန်နှင့် အဆိုပါ ငွေချေးစာချုပ်များ ၊ ဒီဘင်ချာများ သို့မဟုတ် ကုမ္ပဏီ၏ အခြားသော အာမခံ စာချုပ်များဖြင့် ထုတ်ဝေပေးရာ၌ ခေါ်ဆိုခြင်း မပြုရသေးသော ရင်းနှီးငွေများ အပါအဝင် ဤကုမ္ပဏီ၏ ပစ္စည်းအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကို အပေါင်ပြု၍ ဖြစ်စေ ၊ ထိုကဲ့သို့ မဟုတ်ဘဲ ဖြစ်စေ ထုတ်ပေးရန်။

(၄) ဤကုမ္ပဏီနှင့် ပြုလုပ်ထားသော ကန်ထရိုက်စာချုပ်များ ၊ တာဝန်ယူထားသည့် လုပ်ငန်း များ ပြီးစီးအောင် ဆောင်ရွက်ခြင်း အလို့ငှာ ခေါ်ယူခြင်းမပြုရသေးသော ရင်းနှီးငွေများ အပါအဝင်ဤကုမ္ပဏီ၏ပစ္စည်းရပ်များအားလုံးသို့မဟုတ်တစ်စိတ်တစ်ဒေသကို ပေါင်နှံ၍ သော် လည်းကောင်း၊ အပေါင်ပြု၍သော် လည်းကောင်း ၊ သို့မဟုတ် အစုရှယ်ယာများ အတွက် ငွေများတောင်းခံခေါ်ယူ၍သော်လည်းကောင်း၊ ခွင့်ပြုရန် သို့မဟုတ် သင့်လျော် သည့် အတိုင်း ဆောင်ရွက်ရန် ။

(၅) မန်နေဂျာများ ၊ အတွင်းရေးမှူးများ အရာရှိများ ၊ စာရေးများ ၊ ကိုယ်စားလှယ်များနှင့် ဝန်ထမ်း များကို အမြဲ တမ်းယာယီ သို့မဟုတ် အထူးကိစ္စရပ်များအတွက် ခန့်ထားခြင်း ၊ ရပ်စဲခြင်း၊ဆိုင်းငံ့ခြင်းများအတွက် လည်းကောင်း ၊အဆိုပါပုဂ္ဂိုလ်တို့၏ တာဝန်များ၊ အာဏာများ ၊ လစာငွေများ ၊ အခြားငွေကြေးများကို သတ်မှတ်ရာ၌ လည်းကောင်း ၊ အာမခံပစ္စည်းများ တောင်းခံရာ၌ လည်းကောင်း သင့်လျော်သလို ဆောင် ရွက်ရန် ၊ ထို့အပြင် အဆိုပါကိစ္စများ အတွက် ကုမ္ပဏီ၏ မည်သည့်အရာရှိကိုမဆို ကိစ္စရပ်များ အားလုံးကို ဖြစ်စေ ၊ တစ်စိတ်တစ်ဒေကို ဖြစ်စေ ဒါရိုက်တာများ၏ ကိုယ်စား ဆောင်ရွက်နိုင်ရေးအတွက် တာဝန်လွှဲအပ် ရန် ။

(၆) ဤ ကုမ္ပဏီ၏ ဒါရိုက်တာ တစ်ဦးအား ဒါရိုက်တာရာထူးနှင့် တွဲဖက်၍ မန်နေဂျင်း ဒါရိုက်တာ အထွေထွေ မန်နေဂျာ ၊ အတွင်းရေးမှူး သို့မဟုတ် ဌာနခွဲမန်နေဂျာ အဖြစ် ခန့်ထားရန် ။

(၇) မည်သည့်အစုရှင် ထံမှမဆို ၎င်းတို့ ၏ အစုရှယ်ယာများ အားလုံးကို ဖြစ်စေ ၊ အချို့အဝက်ကို ဖြစ်စေ စွန့်လွှတ်ခြင်းအား သဘောတူညီသော စည်းကမ်းချက်များဖြင့် လက်ခံရန် ။

(၈) ဤ ကုမ္ပဏီက ပိုင်ဆိုင်သော သို့မဟုတ် ပိုင်ဆိုင်ခွင့်ရှိသော သို့မဟုတ် အခြား အကြောင်းများ ကြောင့် ဖြစ်သော မည်သည့်ပစ္စည်းကိုမဆို ကုမ္ပဏီ၏ ကိုယ်စား လက်ခံထိန်းသိမ်းထားရန် အတွက် မည်သည့် ပုဂ္ဂိုလ် သို့မဟုတ်ပုဂ္ဂိုလ်များကို မဆို ခန့်ထားရန်နှင့်အဆိုပါ ယုံမှတ် အပ်နှံခြင်းများနှင့် ပတ်သက်၍ လိုအပ်သော စာချုပ် စာတမ်း များ ချုပ်ဆို ပြုလုပ်ရန် ။

(၉) ဤကုမ္ပဏီ၏ အရေးအရာများနှင့် စပ်လျဉ်း၍ ဤကုမ္ပဏီကပြုလုပ်သော သို့မဟုတ် ဤကုမ္ပဏီပေါ် သို့မဟုတ် ဤကုမ္ပဏီ၏အရာရှိများအပေါ် ပြုလုပ်သော တရားဥပဒေအရ စွဲဆိုဆောင်ရွက်မှုများကို တရားစွဲဆို ၊အရေးယူ ၊ခုခံကာကွယ်ရန် သို့မဟုတ်ခွင့်လွှတ်ရန် ၊ ထို့အပြင် ဤကုမ္ပဏီက ရရန်ရှိသော ကြွေးမြီများနှင့် ဤကုမ္ပဏီအပေါ်တောင်းခံသော ကြွေးမြီးများနှင့်ပတ်သက်၍ ပေးဆပ်ရန် အချိန်ကာလရွှေ့ဆိုင်းခွင့်ပြုခြင်း သို့မဟုတ် နှစ်ဦးနှစ်ဖက်သဘောတူ ကျေအေးခြင်းများ ပြုလုပ်ရန် ။

(၁၀) ဤကုမ္ပဏီက ပေးရန်ရှိသော သို့မဟုတ်ရရန် ရှိသောငွေတောင်းခံခြင်းများကို ဖြန်ဖြေရေး ခုံသမာဓိထံသို့ဖြေရှင်းရန်အတွက် အပ်နှံရန်အပြင် ဖြန်ဖြေရေးခုံသမာဓိ၏ ဆုံးဖြတ်ချက် အတိုင်း လိုက်နာဆောင်ရွက်ရန်။

(၁၁) ဤကုမ္ပဏီက ရရန်ရှိသော တောင်းဆိုချက်၊ တောင်းခံချက်များနှင့် ကုမ္ပဏီသို့ ပေးရန် ရှိသော ငွေကြေးများအတွက် ပြေစာများပြုလုပ်ခြင်း၊ လျှော်ပစ်ခြင်းနှင့် အခြားသော နည်းဖြင့် စွန့်လွှတ်ခြင်းများကို ပြုလုပ်ရန်။

(၁၂) လူမွဲစာရင်းခံရခြင်း၊ကြွေးမြီမဆပ်နိုင်ခြင်းကိစ္စများနှင့် ပတ်သက်၍ ဤကုမ္ပဏီ၏ ကိုယ်စား ဆောင်ရွက်ရန်။

(၁၃) ငွေလွှဲစာတမ်းများ၊ချက်လက်မှတ်များ၊ဝန်ခံကတိစာချုပ်များ ၊ ထပ်ဆင့်လက်မှတ်ရေးထိုး ခြင်းများ၊ လျှော်ပစ်ခြင်းများ၊ ကန်ထရိုက်စာချုပ်များနှင့် စာရွက်စာတမ်းများကို ကုမ္ပဏီ၏ ကိုယ်စား မည်သူက လက်မှတ်ရေးထိုးခွင့် ရှိသည်ကို စိစစ်သတ်မှတ်ရန်။

(၁၄) ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆပါက သင့်လျော်လျှောက်ပတ်သော နည်းလမ်းများဖြင့် လတ်တလော အသုံးပြုရန် မလိုသေးသော ကုမ္ပဏီပိုင်ငွေများကို အာမခံပစ္စည်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုထားရန်နှင့် စီမံခန့်ခွဲထား ရန်၊ ထို့အပြင် အချိန်ကာလ အားလျော်စွာ မြှုပ်နှံထား သောငွေများကိုပြန်လည် ရယူရန်နှင့် ပြင်ဆင်ပြောင်းလွှဲရန် ။

(၁၅) ဤ ကုမ္ပဏီ၏ အကျိုးအတွက် ငွေကြေးစိုက်ထုတ် ကုန်ကျခံထားသော ဒါရိုက်တာ သို့မဟုတ် အခြား ပုဂ္ဂိုလ်များက ကုမ္ပဏီ၏ (လက်ရှိနောင်တွင်ရှိမည်) ပစ္စည်းများကို ဤကုမ္ပဏီ၏ အမည်ဖြင့်ဖြစ်စေ၊ ဤကုမ္ပဏီ၏ ကိုယ်စားဖြစ်စေ ပေါင်နှံခြင်းများကို သင့်လျော်သည်ဟု ယူဆပါကဆောင်ရွက်ခွင့်ပြုရန် အဆိုပါပေါင်နှံခြင်းဆိုရာ၌ ရောင်းချ နိုင်သည့် အာဏာနှင့် အခြားသော သဘောတူညီထားသည့် တရားဝင်သဘောတူညီချက်များနှင့် ဥပဒေ ပြဋ္ဌာန်း ချက်များ ပါဝင်သည်။

(၁၆) ဤကုမ္ပဏီက ခန့်အပ်ထားသော မည်သည့်အရာရှိ သို့မဟုတ် ပုဂ္ဂိုလ်ကိုမဆို အတိအကျ ဆောင်ရွက်ခဲ့သောလုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုအတွက်ရရှိသော အမြတ်ငွေမှ ကော်မရှင်ပေးခြင်းသို့မဟုတ်ကုမ္ပဏီ၏အထွေထွေအမြတ်အစွန်းမှ ခွဲဝေပေးခြင်းများ ပြုလုပ်ရန် နှင့် အဆိုပါကော်မရှင်များ အမြတ်များ ခွဲဝေပေးခြင်းစသည်တို့ကို ဤကုမ္ပဏီ၏ လုပ်ငန်းကုန်ကျ စရိတ် တစ်စိတ်တစ်ဒေသ အဖြစ် သတ်မှတ်ရန်။

(၁၇) ဤ ကုမ္ပဏီ၏ လုပ်ငန်းများ အရာရှိများ ဝန်ထမ်းများနှင့် အစုရှင်များအတွက် ထုတ်ပြန်ထားသော စည်းမျဉ်းများ၊ စည်းကမ်းချက်များ ၊ စည်းကမ်းဥပဒေများကို အခါ အားလျော်စွာ သတ်မှတ်ခြင်း ၊ ပြင်ဆင်ခြင်း ၊ ဖြည့်စွက်ခြင်း များ ဆောင်ရွက်ရန်။။

(၁၈) ဤ ကုမ္ပဏီ၏ လုပ်ငန်းအတွက် ဤကုမ္ပဏီ အမည်ဖြင့်ဖြစ်စေ ၊ ဤကုမ္ပဏီ၏ ကိုယ်စားဖြစ်စေ လိုအပ်သည် ဟု ယူဆလျှင် ညှိနှိုင်းဆွေးနွေးခြင်းနှင့် ကန်ထရိုက်စာချုပ် ချုပ်ဆိုခြင်းများ ကို ပြုလုပ်ရန် ၊ ဖျက်သိမ်းရန်နှင့် ပြင်ဆင်ရန် အပြင် အဆိုပါ ဆောင်ရွက်ချက် စာချုပ်များနှင့် ကိစ္စရပ်များကို လည်းကောင်း ၊ ၎င်းတို့နှင့် စပ်လျဉ်းသော ကိစ္စရပ်များကို လည်းကောင်း လုပ်ကိုင်ဆောင်ရွက်ရန် ။

(၁၉) ဒါရိုက်တာများက သင့်လျော်သည်ဟု ယူဆပါက ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းတွင် အကျိုးရှိစေရန် အတွက် မည်သည့်ပြည်တွင်းပြည်ပပုဂ္ဂိုလ်၊ စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီ သို့မဟုတ် ဘဏ် သို့မဟုတ် ငွေကြေးအဖွဲ့အစည်း ထံမှ မဆို ငွေချေးယူရန် ။

အထွေထွေ အစည်းအဝေးကြီးများ

၁၅။ ကုမ္ပဏီကို ဥပဒေအရ ဖွဲ့စည်းတည်ထောင်ပြီးသည့် နေ့မှ တစ်ဆယ့်ရှစ်လအတွင်း အထွေထွေ သင်းလုံးကျွတ် အစည်းအဝေးကြီးကို ကျင်းပရမည်။ ထို့နောက် ဒါရိုက်တာအဖွဲ့က သတ်မှတ်ပေး သည့် အချိန်နှင့် နေရာများတွင် ပြက္ခဒိန်နှစ် တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် (နောက်ဆုံး ကျင်းပသည့် အထွေထွေအစည်း အဝေးကြီးနှင့် တစ်ဆယ့်ငါးလထက် မပိုသည့် အချိန်၌) ကျင်းပရမည်။ သင်းလုံးကျွတ် အစည်းအဝေး စတင်၍ လုပ်ငန်းအတွက် ဆွေးနွေးချိန်တွင် အစည်းအဝေးအထမြောက်ရန် သတ်မှတ်သည့် အစုရှင် အရေ အတွက် မတက်ရောက်သော မည်သည့်သင်းလုံးကျွတ် အစည်းအဝေးတွင်မဆို လုပ်ငန်းနှင့် ပတ်သက်၍ ဆုံးဖြတ် ဆောင်ရွက်ခြင်း မပြုရ ၊ ဤတွင် အခြားနည်းသတ်မှတ် ပြဋ္ဌာန်းခြင်း မရှိလျှင်ထုတ်ဝေထားသည့် မ,တည်ရင်းနှီးငွေ အစုရှယ်ယာများ၏ ငါးဆယ်ရာခိုင်နှုန်းထက် မနည်း ပိုင်ဆိုင်ကြသည့် (နှစ်ဦးထက် မနည်းသော) အစုရှင်များကိုယ်တိုင် တက်ရောက်လျှင် လုပ်ငန်းကိစ္စ အားလုံး ဆောင်ရွက်ရန် အတွက် အစည်းအဝေး အထမြောက်သည့် ဦးရေ ဖြစ်သည်။ အကယ်၍ ကုမ္ပဏီတွင် အစုရှင် အရေအတွက် နှစ်ဦးတည်းသာရှိသည့် ကိစ္စတွင်မူ ထိုနှစ်ဦးတည်း သည်ပင်လျှင် အစည်းအဝေး အထမြောက်ရန် သတ်မှတ်သည့် အရေအတွက် ဖြစ်စေ ရမည်။

အမြတ်ဝေစုများ

၁၆။ သင်းလုံးကျွတ် အစည်းအဝေးတွင် ဤကုမ္ပဏီ၏အစုရှင်များအား ခွဲဝေပေးသည့် အမြတ်ဝေစုကို ကြေငြာရမည်။ သို့ရာတွင် အမြတ်ဝေစုသည် ဒါရိုက်တာများက ထောက်ခံသော ငွေပမာဏထက် မကျော်လွန်စေရ။ သက်ဆိုင်ရာနှစ်၏ အမြတ်ပမာဏ သို့မဟုတ် အခြားမခွဲဝေ ရသေးသည့် အမြတ်ပမာဏမှအပ အမြတ် ဝေစုကို ခွဲဝေမပေးရ ။

ရုံးဝန်ထမ်းများ

၁၇။ ကုမ္ပဏီသည် လုပ်ငန်းတစ်ခုကို ဖွင့်လှစ်၍ဆောင်ရွက်မည်ဖြစ်ပြီး အရည်အချင်းပြည့်မီသူ ပုဂ္ဂိုလ် တစ်ဦးအား အထွေထွေ မန်နေဂျာအဖြစ် ခန့်အပ်ရန်နှင့် အခြားအရည်အချင်း ပြည့်မီသူများ အား ရုံးဝန်ထမ်းများအဖြစ် ခန့်အပ်မည်ဖြစ်သည်။ လစာ ၊ ခရီးသွားလာစရိတ် နှင့် အခြား အသုံးစရိတ်များကဲ့သို့သော ဥာဏ် ပူဇော်ခ များနှင့် အခကြေးငွေများကို ဒါရိုက်တာအဖွဲ့က သတ်မှတ်မည်ဖြစ်ပြီး ၎င်း သတ်မှတ်ချက်များကို သင်းလုံးကျွတ် အစည်းအဝေးက အတည်ပြု ရမည်။ အထွေထွေမန်နေဂျာသည် လုပ်ငန်းရုံး၏ ထိရောက်စွာ လုပ်ငန်းလည်ပတ်မှု အားလုံး အတွက် တာဝန်ရှိစေရမည်ဖြစ်ပြီး မန်နေဂျင်းဒါရိုက်တာအား တာဝန်ခံ၍ ဆောင်ရွက်ရမည်။

ငွေစာရင်းများ

၁၈။ ဒါရိုက်တာများသည် သင့်လျော်သည့် ငွေစာရင်းစာအုပ်များကိုအောက်ဖော်ပြပါသတ်မှတ်ချက်များ နှင့် အညီ ထားသို ထိန်းသိမ်းဆောင်ရွက်သွားရမည် ။

(၁) ကုမ္ပဏီ၏ ရငွေ၊ သုံးငွေများ၏ပမာဏနှင့် ၎င်းရငွေ ၊ သုံးငွေများ ဖြစ်ပေါ်ခြင်းနှင့် စပ်လျဉ်းသည့် အကြောင်း ကိစ္စများ ။

(၂) ကုမ္ပဏီ ၏ ကုန်ပစ္စည်းများ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းများ။

(၃) ဤ ကုမ္ပဏီ၏ ရရန် ပိုင်ခွင့် နှင့် ပေးရန် တာဝန်များ ။

၁၉။ ငွေစာရင်းစာအုပ် အားလုံးကို ဤကုမ္ပဏီ၏ မှတ်ပုံတင်ထားသော လုပ်ငန်းရုံးများ သို့မဟုတ် ဒါရိုက်တာများက သင့်လျော်သည်ဟု ထင်မြင်ယူဆသော အခြားနေရာများတွင် သိမ်းဆည်း ထားရမည်ဖြစ်ပြီး ၊ ရုံးချိန် အတွင်း၌ ဒါရိုက်တာများက စစ်ဆေးနိုင်ရန် ပြသထားရမည်။

စာရင်းစစ်

၂၀။ စာရင်းစစ်များကိုခန့်အပ်ထားရမည်။ ၎င်းစာရင်းစစ်များ၏တာဝန်သည် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေ သို့မဟုတ် အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်သည့် စည်းမျဉ်း စည်းကမ်း များနှင့် လိုက်လျော ညီထွေ ဖြစ်ရမည်။

နို့တစ်စာ

၂၁။ ဤကုမ္ပဏီသည် မည်သည့်အစုရှင်ထံသို့မဆို နို့တစ်စာကို လက်ရောက်ပေးအပ်ခြင်း သို့မဟုတ် နို့တစ်စာပါသော စာကိုစာတိုက်ခ ကြိုတင်ပေးထား၍ ၎င်းအစုရှင်ထံ မှတ်ပုံတင်လိပ်စာအတိုင်း စာတိုက်မှ တဆင့်လိပ်မူပေးပို့ခြင်းအားဖြင့် ပေးပို့နိုင်ပါသည်။

တံဆိပ်

၂၂။ ဒါရိုက်တာများသည် တံဆိပ်ကို လုံခြုံစွာ ထိန်းသိမ်းထားရန်အတွက် စီမံဆောင်ရွက်ရမည်။ ထိုတံဆိပ်ကို ဒါရိုက်တာများကကြိုတင်ပေး အပ်ထားသည့် ခွင့်ပြုချက်ဖြင့်မှတပါး၊ ထို့အပြင် အနည်းဆုံး ဒါရိုက်တာ တစ်ဦး ရှေ့မှောက်တွင်မှတပါး မည်သည့်အခါမျှ မသုံးရ။ တံဆိပ်ရိုက်နှိပ် ထားသည့် စာရွက်စာတမ်း တိုင်းတွင် ထိုဒါရိုက်တာက လက်မှတ်ရေးထိုးရမည်။

လျော်ကြေး

၂၃။ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၈၆(ဂ) တွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ၊ လက်ရှိတရားဝင် တည်ဆဲဥပဒေ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ကုမ္ပဏီ၏ဒါရိုက်တာ၊ စာရင်းစစ်၊ အတွင်းရေးမှူး သို့မဟုတ် အခြားအရာရှိတစ်ဦးဦးမှာ မိမိတာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ဖြစ်စေ ထိုတာဝန် ဝတ္တရားများနှင့် စပ်လျဉ်း၍ဖြစ်စေ ကျခံခဲ့သည့်စရိတ်များ၊ တောင်းခံငွေများ ၊ဆုံးရှုံးငွေများ၊ ကုန်ကျငွေ များ နှင့် ကြွေးမြီတာဝန်များအတွက် ကုမ္ပဏီထံမှ လျော်ကြေးရထိုက်ခွင့်ရှိစေရမည်။

ဖျက်သိမ်းခြင်း

၂၄။ ကုမ္ပဏီ၏ အထွေထွေ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီအား ဖျက်သိမ်း နိုင်သည်။ ယင်းသို့ ဖျက်သိမ်းရာတွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေများနှင့် ယင်းဥပဒေများအား အခါအားလျော်စွာ ပြင်ဆင် ပြောင်းလဲထားသည့် တရားဥပဒေများတွင် ပါဝင်သည့် စည်းမျဉ်းများအတိုင်း လိုက်နာပြုလုပ် ရမည်။

အောက်တွင် အမည်၊ နိုင်ငံသား၊ နေရပ်နှင့် အကြောင်းအရာစုံလင်စွာပါသော ဇယားတွင် လက်မှတ်ရေးထိုးသူ ကျွန်ုပ်တို့ ကိုယ်စီကိုယ်ငှသည် ဤသင်းဖွဲ့စည်းမျဉ်းအရ ကုမ္ပဏီတစ်ခုဖွဲ့စည်းရန် လိုလားသည့်အလျောက် ကျွန်ုပ်တို့၏ အမည် အသီးသီးနှင့် ယှဉ်တွဲ ပြထားသော အစုရှယ်ယာများကို ကုမ္ပဏီ၏ မတည်ရင်းနှီးငွေတွင် ထည့်ဝင်ရယူကြရန် သဘောတူကြပါသည်။

စဉ်	အစုထည့်ဝင်သူများ၏အမည်၊ နေရပ်လိပ်စာနှင့် အလုပ်အကိုင်	နိုင်ငံသားနှင့်အမျိုးသား မှတ်ပုံတင်အမှတ်	ဝယ်ယူသော အစုရှယ်ယာ ဦးရေ	ထိုးမြဲ လက်မှတ်
၁	ဒေါ် ဖြူဖြူဝင်း ကုန်သည် အမှတ်(၇၈၈)၊ ၁၃ လမ်း၊ (ဖ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	၁/မကန(နိုင်)၀၈၁၄၈၁	၄၇၅၀	
၂	ဦး မြင့်အေး ကုန်သည် အမှတ်(၇၈၈)၊ ၁၃ လမ်း၊ (ဖ)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	၁/မကန(နိုင်)၀၈၁၄၈၀	၂၅၀	

နေ့စွဲ ၊ ခုနှစ်၊ လ၊ ရက်။

အထက်ပါလက်မှတ်ရှင်များသည် ကျွန်ုပ်၏ရှေ့မှောက်တွင် လက်မှတ်ရေးထိုးကြပါသည်။

ZIN WAI B.Com(AA);C.P.A (319)
CERTIFIED PUBLIC ACCOUNTANT

THE MYANMAR COMPANY ACT

PRIVATE COMPANY LIMITED BY SHARES

Memorandum Of Association

OF

MYANMAR HUA QIANG WOOD INDUSTRIAL COMPANY LIMITED



I. The name of the Company is **MYANMAR HUA QIANG WOOD INDUSTRIAL COMPANY LIMITED**

II. The registered office of the Company will be situated in the Union of Myanmar.

III. The liability of the members is limited.

IV. The authorised capital of the Company is Ks- **500000000** /-(Kyats **Five Hundred Million** Only) divided into (**50000**) shares of Ks. **10000.00** /-(Kyats **Ten Thousand** Only) each, with power in General Meeting either to increase, reduce or alter such capital from time to time in accordance with the regulations of the Company and the legislative provisions for the time being in force in this behalf.

(1) The Objective for which the Company is established are-

1. Manufacturing of personal goods.
2. Manufacturing of household goods.
3. Manufacturing of vehicles, machineries and spares.
4. Manufacturing of arts and crafts, lacquerwares and furniture.
5. Manufacturing of construction materials and paints.
6. Manufacturing of factory utencils.
7. Manufacturing of electrical and electronic goods.
8. Manufacturing of textile, garments and clothing.
9. Trading of Agricultural and farm products.
10. Trading of Forest products and value-added wood-based products.
11. Trading of Animal by-products and Animal feed.
12. Trading of Marine products.
13. Trading of Fertilizer and insecticides.
14. Trading of Chemicals and dyes.
15. Trading of Factory utencils and raw material.
16. Trading of Household goods.
17. Trading of Personal goods.
18. Trading of Construction materials and paints.
19. Trading of Electrical and electronic products.
20. Trading of Vehicles, Machinery and spares.
21. Trading of Tools and implement.
22. Trading of Medicines and medical equipment.
23. Trading of Foodstuff and general merchandise.
24. Trading of Textile and garment.
25. Trading of Paper, stationery and photographic stores.
26. Trading of Office equipment and educational supplies.
27. Growing, producing, harvesting, preserving, packing, milling and manufacturing of agricultural and farm products.
28. Felling, extracting (with the permission from the authorities concerned) milling, manufacturing, preserving and seasoning of timber(excluding-teak) and forest products.
29. Livestock breeding, processing and canning of livestock products.
30. Finishing, preserving, milling, canning and processing of marine products.
31. Producing fertilizers, insecticides and animal feeds.
32. To carry on the business of explanation, exploitation, production, processing of minerals and marketing of its products with the permission of the Government.
33. All kinds of agency business, technical consultants, business consultants, management consultants and advisory services.
34. Advertising and its agency business.
35. Business of entertainments and related activities.
36. Business of all kinds of medical services.
37. Business of transportation (except railways and airways)
38. Business of printing and publishing.
39. Business of surveying and inspection.
40. Business of feasibility study on new projects, projects formulation, project appraisal and project evaluation.
41. Business of Account writing, Auditing and legal advisory services.
42. Business of servicing, maintenance of repairing of all kinds of vehicles and machines.
43. Business of installation, maintenance and renovation of electrical and electronic goods.
44. Construction.
45. Gems.
46. Travel And Tours.
47. Hotels

(2) to borrow money for the benefit of the Company's business from any person, firm, company, bank of financial organization in the manners that the Company shall think fit.

proviso:- *Provided that the Company shall not exercise any of the above objects whether in the Republic of the Union of Myanmar or elsewhere, save in so far as it may be entitled so as to do in accordance with the Laws, Orders and Notifications in force from time to time and then only subject to such permission and or approvals as may be prescribed by the Laws, Orders and Notifications of the Republic of the Union of Myanmar for the time being in force.*

We, the several persons, whose names, nationalities, addresses and descriptions are subscribed below, are desirous of being formed into a Company in pursuance of this Memorandum of Association, and we respectively agree to take the number of shares in the Capital of the Company set opposite our respective names.

Sr. No.	Name, Address and Occupation of Subscribers	Nationality & N.R.C No.	Number of Shares taken	Signatures
1	**Daw Phyu Phyu Win** Merchant No.(788), 13 Street, Ward No.(6), Southokkalarpa Township,YANGON	1/MAKANA(NAING)081481	4750	
2	**U Myint Aye** Merchant No.(788), 13 Street, Ward No.(6), Southokkalarpa Township,YANGON	1/MAKANA(NAING)081480	250	

Dated the day of

It is hereby certified that the persons mentioned above put their signatures in my presence.

ZIN WAI B.Com(...)
CERTIFIED PUBLIC ACCOUNTANT

THE MYANMAR COMPANIES ACT

PRIVATE COMPANY LIMITED BY SHARES

Articles Of Association

MYANMAR HUA QIANG WOOD INDUSTRIAL COMPANY LIMITED



1. The regulations contained in Table 'A' in the First Schedule to the Myanmar Companies Act shall apply to the Company save in so far as such regulations which are inconsistent with the following Articles. The compulsory regulations stipulated in Section 17 (2) of the Myanmar Companies Act shall always be deemed to apply to the Company.

PRIVATE COMPANY

2. The Company is to be a Private Company and accordingly following provisions shall have effect:-

   (a) The number of members of the Company, exclusive of persons who are in the employment of the Company, shall be limited to fifty.

   (b) Any invitation to the public to subscribe for any share or debenture or debenture stock of the Company is hereby prohibited.

CAPITAL AND SHARES

3. The Authorised Capital of the Company is Ks. **500000000** /-(Kyats **Five Hundred Million** only) divided into (**50000**) shares of Ks **10000.00** /-(Kyats **Ten Thousand** only) each, with power in General Meeting either to increase, reduce or alter such capital from time to time in accordance with the regulations of the Company and the legislative provisions for the time being in force in this behalf.

4. Subject to the provisions of the Myanmar Companies Act the shares shall be under the control of the Directors, who may allot or otherwise dispose of the same to such persons and on such terms and conditions as they may determine.

5. The certificate of title to share shall be issued under the Seal of the Company, and signed by the General Manager or some other persons nominated by Board of Directors. If the share certificate is defaced, lost or destroyed, it may be renewed on payment of such fee, if any, and on such terms, if any, as to evidence and indemnity as the Directors may think fit. The legal representive of a deceased member shall be recognized by the Directors.

6. The Directors may, from time to time make call upon the members in respect of any money unpaid on their shares, and each member shall be liable to pay the amount of every call so made upon him to the persons, and at the times and places appointed by the Directors. A call may be made payable by instalments or may be revoked or postponed as the Directors may determine.

DIRECTORS

7. Unless otherwise determined by a General Meeting the number of Directors shall not be less than (2) and not more than (9).

The First Directors shall be:-

(1) Daw Phyu Phyu Win (2) U Myint Aye

8. The Directors may from time to time appoint one of their body to the office of the Managing Director for such terms and at such remuneration as they think fit and he shall have all the powers delegated to him by the Board of Directors from time to time.

9. The qualification of Director shall be the holding of at least (-) shares in the Company in his or her own name and it shall be his duty to comply with the provision of Section (85) of the Myanmar Companies Act.

10. The Board of Directors may in their absolute and uncontrolled discretion refuse to register any proposed transfer of shares without assigning any reason.

PROCEEDINGS OF DIRECTORS

11. The Director may meet together for the despatch of business, adjourn and otherwise regulate their meeting as they think fit and determine the quorum necessary for the transaction of business. Unless otherwise determined, two shall form a quorum. If any question arising at any meeting the Managing Director's decision shall be final. When any matter is put to a vote and if there shall be an equality of votes, the Chairman shall have a second or casting vote.

12. Any Director may at any time summon a meeting of Directors.

13. A resolution in writing signed by all the Directors shall be as effective for all purposes as a resolution passed out at meeting of the Directors, duly called, held and constituted.

POWERS AND DUTIES OF DIRECTORS

14. Without prejudice to the general power conferred by Regulation 71 of the Table "A" of the Myanmar Companies Act, it is hereby expressly declared that the Directors shall have the following powers, that is to say power;-

(1) To purchase or otherwise acquire for the Company any property, rights or privileges which the Company is authorized to acquire at such price, and generally on such terms and conditions as they think fit: also to sell, lease, abandon or otherwise deal with any property, rights or privileges to which the Company may be entitled, on such terms and conditions as they may think fit.

(2) To raise, borrow or secure the payment of such sum or sums in such manner and upon such terms and conditions in all respects as they think fit and in particular by the issue of debentures or debenture stocks of the Company charged upon all or any part of the property of the Company (both present and future) including its uncalled capital for the time being,

(3) At their discretion, to pay for any rights acquired or services rendered to the Company, either wholly or partially in cash or in shares, bonds , debentures or other securities of the Company and any such shares may be issued either as fully paid up or with such amount credited as paid up there on as may be agreed upon ; and any such bonds, debentures or other securities may be either specifically charged up on all or any part of the property of the Company and its uncalled capital or not so charged.

(4) To secure the fulfillment of any contract or engagement entered into by the Company by mortgage or charge upon all or any of the property of the Company and its uncalled capital for the time being or by granting calls on shares or in such manner as they may think fit.

(5) To appoint at their discretion, remove or suspend such Managers, Secretaries, Officers, Clerks, Agents and Servants for permanent, temporary or special services as they may from time to time think fit and, to determine their duties and powers and fix their salaries or emoluments and to require security in such instances in such amount as they think fit and to depute any officers of the Company to do all or any of these things on their behalf.

(6) To appoint a Director as Managing Director, General Manager, Secretary or Departmental Manager in conjunction with his Directorship of the Company.

(7) To accept from any member on such terms and conditions as shall be agreed on the surrender of his shares or any part thereof.

(8) To appoint any person or persons to accept and hold in trust for the Company any property belonging to the Company or in which it is interested or for any other purposes and to execute and do all such deeds and things as may be requisite in relation to any such trust.

(9) To institute , conduct , defend of abandon any legal proceedings by or against the Company or its officers, or otherwise concerning the affairs of the Company and also to compound and allow time for payment or satisfaction of any debts due to or of any claims and demands by or against the Company.

(10) To refer claims and demands by or against the Company to arbitration and to observe and perform the awards.

(11) To make and give receipts, releases and other discharges for money payable to the Company and for the claims and demands of the Company.

(12) To act on behalf of the Company in all matters relating to bankruptcy and insolvency.

(13) To determine who shall be entitled to sign bills of exchange, cheques, promissory notes, receipts, endorsements, releases contracts and documents for or on behalf of the Company.

(14) To invest, place on deposit and otherwise deal with any of the moneys of the Company not immediately required for the purpose thereof , upon securities or without securities and in such manners as the Directors may think fit, and from time to time vary or realize such investments.

(15) To execute in the name and on behalf of the Company in favor any Director or other person who may incur or be about to incur any personal liability for the benefit of the Company, such mortgages of the Company's property (present and future) as they think fit and any such mortgage may contain a power of sale and such other powers, covenants and provisions as shall be agreed on.

(16) To give any officer or other person employed by the Company a commission on the profits of any particular business or transaction or a share in the general profit of the Company and such commission or share of profit shall be treated as part of the working expenses of the Company.

(17) From time to time, to make, vary and repeal bye- laws for the regulation of the business of the Company, the officers and servants or the members of the Company or any section thereof.

(18) To enter into all such negotiations and contracts and rescind and vary all such contracts and execute and do all such acts , deeds and things in the name and on behalf of the Company as they may consider expedient for or in relation to any of the matter aforesaid or otherwise for the purposes of the Company.

(19) To borrow money for the benefit of the Company's business from any person, firm or company or bank or financial organization of local and abroad in the manner that the Directors shall think fit .

